၁၃၅၄။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေရှိး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓုပဋ္ဌာယိကတ္ထေရ အပဒါန

### ဆုတော်ပြုလေကြီး ကြိုချီး

၁၃၅၅။ ဝေဠုဗ္ဗိန္နိအမည်ဟာ ငါ့ကိုသာခေါ်ကြပါလို့ တွေ့ရလေရှိ
သိတဖြာ ပိတရာ ငါ့လက်ဆွဲတယ် မလွဲမှတ်မျိုး။
၁၃၅၆။ လက်ကိုတဲ့ဆွဲကာ ခေါ်သွားတာဘုရားထံဖြစ်ပါလို့ အစစ်မှတ်ရှိ
မုချဆို ဗုဒ္ဓကို ငါလုပ်ကျွေးတယ် ကံဖွေးနေမျိုး။
၁၃၅၇။ (၃၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရှိ
မွေမြတ်ရှာ လူနတ်သာ အဖြစ်များတယ် ထင်ရှားလေမျိုး။
၁၃၅၈။ (၂၃)ကမ္ဘာအထက်မှာ မင်းစကြာလေးကြိမ်ဖြစ်ပါလို့ အစစ်မြတ်ရှိ
ပိုကာလာ ဗိုလ်ပါမှာ အလွန်များတယ် မြင့်မားနေမျိုး။
၁၃၅၉။ သမဏပဋ္ဌာကသညာ အမည်မှာပေါ်လွင်ပါလို့ အစဉ်လှရှိ
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။
၁၃၆၀။ ဘုရားရှင်ကိုလုပ်ကျွေးတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အ
မှတ်ရှိ
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကတန်ဖိုး။



၆၁။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိ
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၆၂။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိ
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၆၃။ ဗုဒ္ဓုတဲ့ပဋ္ဌာယိကာ ထေ္ထရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရှိ
ဟုတ်ရေးသာ လုပ်ကျွေးတာ ဘုရားရှင်ဖြစ်တယ် အစစ်မြတ်နိုး။

www.burmeseclassic.com

www.burmeseclassic.com



# ပုပ္ဖဂ်မိယတ္ထေရ အပဒါန်

## ထုတ်ပြလေကိုး ကြီးချုပ်

၁၃၆၄။ မြတ်သောအကျိုးကိုရခြင်းငှာ သမဏာအမှန်ပြုပါလို့ ကောင်းမှု
ရရှိး
ဖြစ်ပေါင်းကွာ ရှစ်သောင်းမှာ လေးထောင်ပြတယ် တွေ့ရလေမျိုး
၁၃၆၅။ ထိုအမျိုးသားတို့၏ခေါင်းဆောင်ဟာ ငါပဲသာမှတ်ပါလို့ တရား
ဆိုရှိး
ဖြောင့်ပြလာ ကြောင့်ကြမှာ အမှန်ကင်းတယ် သန့်ရှင်းနေမျိုး
၁၃၆၆။ အထူးသဖြင့်စိတ်ကြည်လင် မေတ္တာဝင်ဖြူစင်ပါလို့ အမြင်သာမျိုး
ဟုတ်ရေးသာ လုပ်ကျွေးတာ ကိုယ်တိုင်ဖြစ်တယ် အစစ်မှတ်မျိုး
၁၃၆၇။ ဘုရားနှင့်ရဟန္တာ လုပ်ကျွေးတာကံထူးပါလို့ ကြည်နူးကြရှိး
လှူပြည်မှာ စုတေကာ နတ်ပြည်ရောက်တယ် ဝမ်းမြောက်နေမျိုး
၁၃၆၈။ (၉၄)ကမ္ဘာအထက်မှာ မြတ်သီလာစောင့်ထိန်းပါလို့ အောင်တံ
ရရှိး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မထိတယ် မုနိဂုဏ်တိုး။
၁၃၆၉။ ရဟန်းတဲ့ပြုကြတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်မျိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် တဝဆိုမျိုး။



၁၃၇၀။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၃၇၁။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလိမှတ်ရှိး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၃၇၂။ ပုပ္ဖဂ်မိယပေါ်လာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရှိး
ပေါင်းရှိးသာ ကောင်းကျိုးရှာ ရဟန်းဝတ်တယ် မချွတ်တွေ့မျိုး။

◆

www.burmeseclassic.com



# စိတက ပူဇကဝဂ်

## စိတက ပူဇကတ္ထေရ အပဒါန

### ထုတ်ပြပေကိုး ကြော်ချီး

၁၇၇၃။ အဇိတဟုခေါ်ကာ အမျိုးမှာပုဏ္ဏားဖြစ်ပါလို့ အစစ်မှတ်ရိုး
မပူလို အလှူကို လှူလိုလှတယ် စိတ်ကဖြစ်မျိုး။

၁၇၇၄။ ပန်းအမျိုးမျိုးကိုဆောင်ယူကာ လှူဖို့ရာစိတ်ကူးပါလို့ ကြည်နူးမိုး
အကြောင်းပေါ် အလောင်းတော် သိခီဘုရား ထင်ရှားတွေ့မျိုး။

၁၇၇၅။ ထင်းပုံပေါ်ဒွိကြဖြန့်ကာ ပူဇော်တာအမှန်ပဲပေမို့ မလွဲမှတ်မိုး
ကယ်ပေးယုံ ပါယ်လေးဘုံ သံမကြားတယ် အမျှားထိပ်မိုး။

၁၇၇၆။ (၂၇)ကမ္ဘာအထက်မှာ ဗိုလ်ပါမှာအလွန်များပါလို့ ထင်ရှားလေရိုး
ဝင်းလက်ဖြာ မင်းစကြာ (၇)ကြိမ်ဖြစ်တယ် အစစ်မြတ်နိုး။

၁၇၇၇။ သုပဋလိတသညာ အမည်မှာပေါ်လွင်ပါလို့ အစဉ်လှရိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။

၁၇၇၈။ အလောင်းပေါ်တဲ့ကြဖြန့်ကာ ပူဇော်တာပန်းတွေဖြစ်ပါလို့ အစစ်
မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကတန်ဖိုး။



၁၇၇၉။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၇၈၀။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၇၈၁။ စိတကတဲ့ပူဇကာ ထွေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
အကြောင်းပေါ် အလောင်းတော် ပူဇန ပုပ္ပမြုမျိုး။

www.burmeseclassic.com

www.burmeseclassic.com



## ပုပ္ဖစာရကတ္ထေရ အပဒါန
## ထုတ်ပြပေးရိုး ကြိုချိုး

၁၃၈၂။ လျှော်တေကိုတဲ့ဆောင်ကာ ဝတ်ရုံတာသစ်နက်ရေဖြစ်ပါလို့
အစစ်မှတ်ရိုး
အကျင့်သာ အဆင့်မှာ တာပသ ဖြစ်ရလေမျိုး။
၁၃၈၃။ အဘိညာဉ်တဲ့ငါးဖြာ ဖြစ်ပေါ်တာအမှန်ပဲပေမို့ မလွဲမှတ်ရိုး
ပြည့်ဝန်းလို လဝန်းကို သုံးသပ်ရတယ် ပြောပြလေမျိုး။
၁၃၈၄။ ငါ့ထံသို့ကြွလာတာ မြတ်ဗုဒ္ဓါဝိပဿီဖြစ်ပါလို့ အစစ်မှတ်ရိုး
အမှောင်ကွာ အရောင်ဟာ တောက်ပလှတယ် တွေ့ရလေမျိုး
၁၃၈၅။ ပင်လယ်တဲ့ကသစ်ပန်းတွေ ထီးလိုလေပြုလုပ်ပါလို့ အဟုတ်
မှတ်ရိုး
ကောင်းကျိုးလာ ဆောင်းမိုးကာ ကပ်လှူခဲ့တယ် တလှည့်ဆိုမျိုး
၁၃၈၆။ (၉၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမသိပါလို့ ပီတိရှိန်တိုး
အသိသာ ဂတိမှာ လူနတ်ဖြစ်တယ် အစစ်မှတ်မျိုး။



၁၃၈၇။ (၈၇)ကမ္ဘာအထက်မှာ ဗိုလ်ပါဟာအလွန်များပါလို့ ထင်ရှားခဲ့ရိုး
ဝင်းလက်ဖြာ မင်းစကြာ တစ်ကြိမ်ဖြစ်တယ် အစစ်မြတ်နိုး။
၁၃၈၈။ သမန္တစာရဏသညာ အမည်မှာပေါ်လွင်ပါလို့ အစဉ်လှရိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။
၁၃၈၉။ ပန်းထီးကိုတဲ့ဆောင်းမိုးကာ ငါပြုတာအမှန်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကတန်ဖိုး။
၁၃၉၀။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၃၉၁။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၃၉၂။ ပုပ္ဖတဲ့ဒါယကာ ထွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
စွမ်းပိုချင် ပန်းကိုပင် ထီးလိုပြုတယ် ဆောင်းမှုမြတ်နိုး။

www.burmeseclassic.com



# ဆတ္တဒါယကတွေရ အပဒါန

## ထုတ်ပြလေကျိုး ကြာချီး

၁၃၉၃။ ထိုအခါ၌ငါ့သားဟာ သမဏာအမှန်ဝတ်ပါလို့ မချွတ်မှတ်ရိုး
ညစ်ကြေးကွာ သစ်လေးဖြာ အမှန်သိတယ် မုနိဖြစ်မျိုး။

၁၃၉၄။ ရဟန္တာအဖြစ်သို့ရောက်ကာ ပရိမှာနိဗ္ဗာန်စံပါလို့ အမှန်ဝင်ရိုး
ဗျာပွေလာ ရှာဖွေကာ သားထံလိုက်တယ် အကြိုက်ပြုမျိုး။

၁၃၉၅။ ရဟန္တာမြတ်ကိုသဂြိုဟ်ရာ ထင်းပုံသာငါတွေ့ပါလို့ ယနေ့ဆိုရိုး
အမှုူးတင် အထူးပင် ဂါရဝ ဦးချရှိခိုး။

၁၃၉၆။ ထီးဖြူကိုလည်းယူကာ နောက်တဖြာစိုက်ထူပါလို့ တမူပြုရိုး
မြင်မှုသာ တင်လှူကာ ပူဇော်ခဲ့တယ် တလှည့်မှတ်မျိုး။

၁၃၉၇။ (၉၄)ကမ္ဘာအထက်မှာ ပါယ်လေးရွာမသိပါလို့ ပီတိဖြစ်ရိုး
အချိုးသာ အကျိုးဟာ ထီးဖြူပြတယ် မှတ်ကြလေမျိုး။

၁၃၉၈။ ထီးဖြူကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကတန်ဖိုး။

၁၃၉၉။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွှတ်မျိုး။

၁၄၀၀။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး

၁၄၀၁။ ဆတ္တတဲ့ဒါယကာ တွေ့ရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
တွေးမှာသာ ရေးလာတာ ကြာချီး ကောင်းကျိုးတွေ့မျိုး။



# သဒ္ဒသညကတွေရ အပဒါန

## ထုတ်ပြလေကျိုး ကြာချီး

၁၄၀၂။ လောကထက်မြတ်တာ မြတ်ဗုဒ္ဓါပွင့်ပါလို့ အဆင့်သာရိုး
ဆိုးပျောက်ကာ မိုးသောက်မှာ အသံဖြစ်တယ် အစစ်ဆိုမျိုး။

၁၄၀၃။ ထိုအခါ၌ငါဟာ စောသတ္တာအသံကြားပါလို့ လေးစားခဲ့ရိုး
တရားမှန် ဘုရားသံ အောက်မေ့မိတယ် ကဝိမြတ်နိုး။

၁၄၀၄။ ဘုရားရှင်ကိုအမှတ်ရတာ လေးပါယ်ရွာမကျပါလို့ ဘဝမြင့်ရိုး
မုချဆို ဗုဒ္ဓကို ပူဇော်ရတယ် ဖလဝေဖြိုး။

၁၄၀၅။ ဘုရားကိုတဲ့အမှတ်ရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်မျိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကမြတ်ရိုး။

၁၄၀၆။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွှတ်မျိုး။

၁၄၀၇။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး

၁၄၀၈။ သဒ္ဒတဲ့သညကာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်နှစ်ရိုး
ဘုရားသံ တရားမှန် အကုန်သိတယ် မုနိရှိခိုး။

www.burmeseclassic.com

www.burmeseclassic.com





## ဂေါသိသနိက္ခေပကတ္ထေရ အပဒါန

### ထုတ်ပြလေကြိုး ကြိုချိုး

၁၃၀၉။ ကျောင်းအရံတံခါးမှထွက်ကာ ကုသလာငါပြုပါလို့ ကောင်းမှုရှိုး
လင်းငဲ့ကာ ခင်းခဲ့တာ နွားဦးခေါင်းရိုး တန်ဖိုးရှိမျိုး။

၁၃၁၀။ မိမိရဲ့ကုသိုလ်ကံ ကိုယ်အမှန်ရရှိပါလို့ ပီတိဖြစ်ရိုး
တမျိုးဆို အကျိုးကို ခံစားရတယ် သုခတွေ့မျိုး။

၁၃၁၁။ လျှင်မြန်သောအာဇာနည် မြင်းအမည်သိန္ဓောပြုပါလို့ မှတ်ကြ
လေရိုး
ပြရန်သာ ငါ့ထံမှာ လာကာဖြစ်တယ် အစစ်တွေ့မျိုး။

၁၃၁၂။ ယာဉ်ရတားကဖြစ်ပေါ်လာ ငါ့ကံဟာအလွန်ထူးပါလို့ ကြည်နူး
မိရိုး
မှန်ရိုးသာ ကံကျိုးဟာ အလွန်ဆန်းတယ် ရခန်းစုံမျိုး။

၁၃၁၃။ မြင့်မြတ်တဲ့ကောင်းမှုဟာ ပြုသောခါအံ့ဖွယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
မှန်စွာယူ သံဃာလှူ အံ့ဖွယ်ကောင်းတယ် ထုံးဟောင်းရှိမျိုး။

၁၃၁၄။ သာသနာပအလှူဟာ ပစ္စယာအနန္တပေမို့ တွေ့ရလေရိုး
အချိုးရှာ အကျိုးမှာ အပွကပေးတယ် မနှေးမှတ်မျိုး။

၁၃၁၅။ သာသနာတွင်းအလှူဟာ အပွကာအလှူပေးပါလို့ ဖြူဖွေးနေမိုး
သိမှာသာ ဝိပါကာ အနန္တပြတယ် မှတ်ကြလေမျိုး။

၁၃၁၆။ (၉၄)ကမ္ဘာအထက်မှာ ပါယ်လေးရွာအမှန်ကင်းပါလို့ သန့်ရှင်း
နေရိုး
အကျိုးပို အရိုးကို လမ်းခင်းပြတယ် အားရဖွယ်မျိုး။

၁၃၁၇။ (၇၅)ကမ္ဘာအထက်မှာ မင်းစကြာတစ်ကြိမ်ဖြစ်ပါလို့ အစစ်မြတ်နိုး
ပိုကာနေ ဗိုလ်ပါတွေ အလွန်များတယ် ထင်ရှားလေမျိုး။

၁၃၁၈။ အရိုးကိုတဲ့လမ်းခင်းလှူ တကယ်မှုအံ့ဖွယ်ကောင်းပါလို့ အကြောင်း
လှမျိုး
ကံရှိလာ သမ္ပဒါ လေးပါးရတယ် လောကမြတ်ရိုး။

၁၃၁၉။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လိုသာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၃၂၀။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၃၂၁။ ဂေါသီသတဲ့နိက္ခေပကာ ထွေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
အရေးသာ အအေးဟာ တသက်လုံး အပြုံးတွေ့မျိုး။

www.burmeseclassic.com

www.burmeseclassic.com



## ပါဒပူဇကတ္ထေရ အပဒါန

### ထုတ်ပြလေးချိုး ကြီးချိုး

၁၄၂၂။ ဟိမဝန္တာတဲ့တောင်မှာ ကိန္နရာငါဖြစ်ပါလို့ အစစ်မှတ်ရိုး
အများမြင် ဘုရားရှင် ဖူးမြော်ရတယ် ဦးချရှိခိုး။

၁၄၂၃။ ငါ့ထံသို့ကြွကာလာ မြတ်ဗုဒ္ဓါအမှန်ဖြစ်ပါလို့ အစစ်မြတ်နိုး
ဆွေပေါ်လာ ခြေတော်မှာ စန္ဒကူး အထူးလှူမျိုး။

၁၄၂၄။ တောင်ဇလပ်ပန်းကိုပူဇော်တာ နောက်တဖြာပြုပါလို့ ကောင်းမှု
စုံရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ မကြုံရတယ် မှတ်ကြလေမျိုး။

၁၄၂၅။ ပန်းတွေကိုတဲ့ပူဇော်တာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကတွေ့မျိုး။

၁၄၂၆။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၄၂၇။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေရိုး

၁၄၂၈။ ပါဒတဲ့ပူဇကာ ထေ္ထရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
စွမ်းမှုသာ ပန်းလှူတာ မြတ်ဘုရား ထူးခြားလေမျိုး။



## ဒေသကိတ္တကတ္ထေရ အပဒါန

### ထုတ်ပြလေးချိုး ကြီးချိုး

၄၂၉။ ဥပသာလကခေါ်တာ ငါ့ကိုသာမှတ်ပါလို့ တရပ်ဆိုရိုး
အချိုးသာ အမျိုးမှာ ပုဏ္ဏားဘာဝ ဖြစ်ရလေမျိုး။

၄၃၀။ တောအတွင်းသို့ကြွကာလာ စောသတ္ထာဖူးမြင်ရပါလို့ မှတ်ကြ
လေရိုး
နေမှာသာ ခြေပါဒါ ရှိခိုးခဲ့တယ် ထူးတဲ့ကံမျိုး။

၄၃၁။ တောထဲမှထွက်ခွာ မြတ်ဗုဒ္ဓါအောက်မေ့ပါလို့ ယနေ့ဆိုရိုး
နည်းထူးရှာ ချီးကျူးတာ ထိုအရပ် အမှတ်ပြုမျိုး။

၄၃၂။ တစ်ကမ္ဘာလုံးနတ်ပြည်မှာ မွေ့လျော်တာအဖြစ်ဆန်းပါလို့
ရွှင်လန်းနေရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ မကြုံရတယ် မှတ်ကြလေမျိုး။

၄၃၃။ အရပ်ကိုတဲ့ချီးကျူးကာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကတွေ့မျိုး။

၄၃၄။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၄၃၅။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၄၃၆။ ဒေသတဲ့ကိတ္တကာ တွေ့ရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
စာဂပို ပါဒဆို ဂါရဝ ဦးချရှိခိုး။

၁၄၃၇။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေရိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။



# သရဏာဂမနိယတ္ထေရ အပဒါန

## ထုတ်ပြလေရိုး ကြိုချိုး

၁၄၃၈။ ဟိမဝန္တာတောင်မှာ မုဆိုးသာငါဖြစ်ပါလို့ အစစ်မှတ်ရိုး
သိတတ်ပြီ ဝိပဿီ စောသတ္တာ ဖူးရလေမျိုး။

၁၄၃၉။ ဘုရားရှင်ကိုတဲ့ဆည်းကပ်ကာ ပြုစရာအကုန်ပြုပါလို့ ကောင်းမှုရှိရိုး
နည်းမြတ်ရှာ ဆည်းကပ်ကာ ကိုးကွယ်ရတယ် မှတ်ကြလေမျိုး။

၁၄၄၀။ (၉၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရိုး
မှန်မျိုးသာ ကံကျိုးဟာ သုဂတိ ရောက်ရှိလေမျိုး။

၁၄၄၁။ သရဏဂုံတဲ့ဆောက်တည်လာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ် မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကပြည့်ဖြိုး။

၁၄၄၂။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြုပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၄၄၃။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၄၄၄။ သရဏတဲ့ဂမနိယာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
တိုးဆွယ်လာ ကိုးကွယ်တာ သရဏဂုံပဲ မလွဲတွေ့မျိုး။

www.burmeseclassic.com



## အမ္ဗပိဏ္ဍိယတ္ထေရ အပဒါန

### ထုတ်ပြပေကြိုး ကြိုးချီး

၁၄၄၅။ ရောမသတဲ့အမည် နောက်တလီဒါနဝပြပါလို့ မှတ်ကြလေရိုး
သိတတ်ပြီ ဝိပဿီ မြတ်ဘုရား ညွှတ်တွားလေမျိုး။

၁၄၄၆။ သရက်သီးခိုင်ကိုယူကာ မြတ်ဗုဒ္ဓါလှူဒါန်းပါလို့ အစွမ်းထက်ရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မကျတယ် ကံကတောက်မျိုး။

၁၄၄၇။ သရက်သီးခိုင်ကိုလှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစ
မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝထက်မျိုး။

၁၄၄၈။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၄၄၉။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေရိုး

၁၄၅၀။ အမ္ဗတဲ့ပိဏ္ဍိယာ တ္ထေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
တသက်ပိုင် သရက်ခိုင် အလှူပေးတယ် ကြူမွှေးနေမျိုး။

၁၄၅၁။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။



## အနုသံသာဝကတ္ထေရ အပဒါန

### ထုတ်ပြပေကြိုး ကြိုးချီး

၅၂။ ဆွမ်းခံတဲ့လှည့်လည်လာ မြတ်ဗုဒ္ဓါဝိပဿီတွေ့ပါလို့ ချမ်းမြေ့
နေရိုး
အမှူးတင် အထူးပင် ဂါရဝ ဦးချရှိခိုး။

၅၃။ တာဒိဂုဏ်နှင့်ပြည့်စုံ နောက်တဖုံအစိုးရပါလို့ မှတ်ကြလေရိုး
စွမ်းပိုချင် ဆွမ်းကိုပင် တစ်ဇွန်းမျှ လှူရလေမျိုး။

၅၄။ ကြည်လင်လို့ဝမ်းမြောက်လာ စေသတ္တာချီးကျူးပါလို့ အထူးပြုရိုး
တင့်အပ်လာ မြင့်မြတ်တာ အကျိုးကိုရတယ် တွေ့ရလေမျိုး။

၅၅။ (၉၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရိုး
အများလို ဘုရားကို ချီးကျူးခဲ့တယ် တလှည့်ဆိုမျိုး။

၅၆။ ဗုဒ္ဓကိုတဲ့ချီးကျူးတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝထက်မျိုး။

၅၇။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၄၅၈။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၄၅၉။ အနုတ်ဲ့သံသာဝကာ တွေရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရှိုး
အမွှန်းတင် တစ်ဖွန်းပင် ဆွမ်းလှူရတယ် အေးမြနေမျိုး။

၁၄၆၀။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။



# ပဒုမကေသရဝဂ်

## ပဒုမကေသရိယတ္ထေရ အပဒါန

ထုတ်ပြုပေကိုး ကြိုချီး

၁။ ရှေးအခါကငါဟာ ပစ္စေကာအပေါင်းတွေ့တာမို့ ချမ်းမြေ့နေရှိုး
အပြီးသာ အနီးမှာ မာတင်္ဂ ခေါ်ကြဆင်မျိုး။

၂။ ပစ္စေကဗုဒ္ဓါအရှင် တွေ့မြင်လျှင်ကြည်ညိုပါလို့ ကုသိုလ်ပြုရှိုး
လာထွတ်မှန် ကြာဝတ်ဆံ ပဒုမာကြတယ် အောင်ပွဲရမျိုး။

၃။ ရာဂဆိုးတဲ့ခါတွက်ကာ နောက်တဖြာတာဒိပြုပါလို့ မှတ်ကြ
လေရှိုး
လျော်စွသာ ခေါ်ကြတာ ပစ္စေကဗုဒ္ဓါကွဲ့ လှူခဲ့လေမျိုး။

၄။ တစ်ကမ္ဘာလုံးနတ်ပြည်မှာ မွေ့လျော်တာအမှန်ဖြစ်ပါလို့ အစစ်
မြတ်နိုး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မကျတယ် အားရဖွယ်မျိုး။

၅။ ကြာဝတ်ဆံဖြင့်ပူဇော်တာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရှိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝထက်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၄၆၆။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေနိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၄၆၇။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်နိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၄၆၈။ ပဒုမတဲ့ကေသရိယာ တွေ့ထေရ်မှာအပဒါန်တွဲပါလို့ မလွဲမှတ်နိုး
အကုန်သာ ပဒုံမှာ အခေါ်လှတယ် လှူပြလေမျိုး။

၁၄၆၉။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေနိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။



# သဗ္ဗဂန္ဓိယတွေ့ထေရ အပဒါန

## ထုတ်ပြလေကြိုး ကြိုးချီ

၁၄၇၀။ ဝိပဿီတဲ့မြတ်စွာ ပန်းနံ့သာပေးလှူပါလို့ ကြည်ဖြူနေရိုး
ဖွေးဖြူစွာ ပေးလှူတာ ပိုးချည်အဝတ် မချွတ်မှတ်မျိုး။

၁၄၇၁။ (၉၁)ကမ္ဘာအထက်မှာ ပန်းနံ့သာပိုးချည်လှူပါလို့ တမူသာရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မထိတယ် ပီတိတွေ့မျိုး။

၁၄၇၂။ (၁၅)ကမ္ဘာအထက်မှာ ရတနာသတ္တပြပါလို့ မှတ်ကြလေရိုး
တွေ့ကြုံလာ ပြည့်စုံတာ ဗိုလ်ပါတွေ့မယ် ချမ်းမြေ့နေမျိုး။

၁၄၇၃။ သုစေဋ္ဌတဲ့သညာ အမည်မှာပေါ်လွင်ပါလို့ အစဉ်လှရိုး
ဝင်းလက်ဖြာ မင်းစကြာ အမှန်ဖြစ်တယ် အစစ်မြတ်နိုး။

၁၄၇၄။ ပိုးချည်အဝတ်နှင့်ပန်းနံ့သာ လှူရတာအံ့ဖွယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝထက်မျိုး။

၁၄၇၅။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၄၇၆။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၄၇၇။ သဗ္ဗတဲ့ဂန္ဓိယာ တွေ့ထေရ်မှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
မှုမှာသာ လှူတာဟာ စုံလင်လှတယ် ပြည့်ဝနေမျိုး။

၁၄၇၈။ သဗ္ဗဂန္ဓိယမဟာထေရ် ဂါထာတွေဟောကာပြပါလို့ မှတ်ကြလေရိုး
အမှူးတင် အထူးပင် မှတ်တာထားကွယ် လေးစားဖွယ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



# ပရမန္တဒါယကတ္ထေရ အပဒါန

## ထုတ်ပြလေရိုး ကြိုးချိုး

၁၄၇၉။ မဟာလှေကားပန်းပမာ တင့်တယ်တာတွေ့မြင်ပါလို့ အစဉ်သာနိုး
မွေ့အရှင် နေအသွင် တောက်ပလှတယ် မှတ်ကြလေမျိုး။

၁၄၈၀။ လောက၏အကြီးအမှူးသာ မြတ်တာဟာလူတို့ထက်ဖြစ်ပါလို့
အစစ်မှတ်ရိုး
သိတတ်ပြီ ဝိပဿီ ဖူးမြင်ရတယ် ဦးချရှိခိုး။

၁၄၈၁။ လက်အုပ်ကိုတဲ့မြှောက်ချီကာ အိမ်ဂေဟာပင့်ဆောင်ပါလို့
အရောက်တောက်ရိုး
စွမ်းပိုချင် ဆွမ်းကိုပင် ပေးလှူရတယ် မှတ်ကြလေမျိုး။

၁၄၈၂။ (၉၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမတွေ့ပါလို့ ချမ်းမြေ့နေနိုး
စွမ်းရိုးသာ ဆွမ်းကျိုးဟာ အမှန်ရတယ် သုခတွေ့မျိုး။

၁၄၈၃။ ဆွမ်းကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဗိဒါ လေးပါးရတယ် ဘဝထက်မျိုး။

၁၄၈၄။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေနိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။



၁၄၈၅။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်နိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၄၈၆။ ပရမန္တဒါယကာ ထေ္တရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
စွမ်းမှုသာ ဆွမ်းလှူတာ သူငါတွေ့မယ် ချမ်းမြေ့နေမျိုး။

၁၄၈၇။ ပရမန္တဒါယကမဟာထေရ် ဂါထာတွေဟောကာပြပါလို့ မှတ်ကြ
လေရိုး
အမှူးတင် အထူးပင် ဆွမ်းဒါန ဗုဒ္ဓပြုမျိုး။

www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မသညာကတွေ့ရ အပဒါန

### ထေရာပြပေကိုး တြေ့ချိုး

၁၄၈၈။ ဝိပဿိတဲ့မြတ်စွာ သခွတ်မှာဗောဓိဖြစ်ပါလို့ အစစ်မှတ်ရိုး
ပြောသိလို ဗောဓိကို ပူဇော်ပွဲ မလွဲပြုမျိုး။
၁၄၈၉။ ဗုဒ္ဓတဲ့မြတ်စွာ ဗောဓိမှာတည်နေပါလို့ တထွေမှတ်ရိုး
အများမြင် ဘုရားရှင် သစ္စာတရား ဟောကြားလေမျိုး။
၁၄၉၀။ အကျဉ်းနှင့်အကျယ် အသွယ်သွယ်ဟောကာပြပါလို့ မှတ်ကြ
လေရိုး
သိလေပါ ကိလေသာ ငြိမ်းအေးရမယ် လောကလွှတ်မျိုး။
၁၄၉၁။ ဘုရားရှင်၏တရားတော် တကယ်နော်နာကြားပါလို့ လေးစား
နေရိုး
နေပျော်လို ခြေတော်ကို ရှိခိုးပြတယ် မှတ်ကြလေမျိုး။
၁၄၉၂။ (၉၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကျပါလို့ ဘဝမြင့်ရိုး
မုချဆို ဗုဒ္ဓကို ပူဇနီ ပြုရလေမျိုး။
၁၄၉၃။ (၃၁)ကမ္ဘာအထက်မှာ မင်းစကြာတစ်ကြိမ်ဖြစ်ပါလို့ အစစ်မြတ်ရိုး
ပိုကာနေ ဗိုလ်ပါတွေ အလွန်များတယ် ထင်ရှားလေမျိုး။



၁၄၉၄။ တရားတော်ကိုတဲ့နာရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝထက်မျိုး။
၁၄၉၅။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွှတ်မျိုး။
၁၄၉၆။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၄၉၇။ ဓမ္မတဲ့သညာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
အများကွာ တရားနာ အသိတိုးတယ် ကောင်းကျိုးရမျိုး။
၁၄၉၈။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေရိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



## ဖလဒါယကတ္ထေရ အပဒါန

### ထုတ်ပြပေးကျိုး ကြီးချုံး

၁၄၉၉။ ဘာဂီရထီမြစ်ကမ်းမှာ ဆောက်ထားတာသိမ်းကျောင်းဖြစ်ပါ
အစစ်မှတ်ရိုး
နည်းတဖြာ သီးဖလာ လက်ကိုဆွဲတယ် မလွဲယူမျိုး။
၁၅၀၀။ သိမ်းကျောင်းသို့ယူသွားတာ သစ်သီးဟာငါ့အတွက်ဖြစ်ပါ
အစစ်ဆိုရိုး
သိမှတ်ပြီ ဝိပဿီ မြတ်ဘုရား ထင်ရှားတွေ့မျိုး။
၁၅၀၁။ ငါ့မှာရှိသောသစ်သီးတွေ စိတ်ထဲလေကြည်ညိုပါလို့ ကုသိုလ်
အများမြင် ဘုရားရှင် အလှူပေးတယ် ဖြူဖွေးနေမျိုး။
၁၅၀၂။ (၉၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမသိပါလို့ ပီတိတွေတိုး
ကြူမိုးရွာ လှူကျိုးဟာ သီးဖလ အားရနေမျိုး။
၁၅၀၃။ သစ်သီးကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှ
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝထက်မျိုး။



၁၅၀၄။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေမိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၅၀၅။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၅၀၆။ ဖလတဲ့ဒါယကာ တ္ထေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
တွေးအားသာ ရေးထားတာ သေချာဖတ်ကွယ် လူမြတ်ဖြစ်မျိုး။
၁၅၀၇။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။

www.burmeseclassic.com



# သမ္ပသာဒကတ္ထေရ အပဒါန

## ထုတ်ပြပေကိုး ကြီချုံး

၁၅၀၈။ ကြီးမားသောလုံ့လရှိတာ အရှင်သာဖြစ်ပါလို့ အစစ်ဆိုရိုး
အဆင့်ပို အရှင့်ကို ဂါရဝ ဦးချရှိခိုး။

၁၅၀၉။ အရှင်ဘုရားတဲ့မြတ်စွာ အရှင့်မှာဆင်းရဲကင်းပါလို့ သန့်ရှင်းနေမြဲ
အသိချော် တပည့်တော် ဖွက်စီးခြင်း တခင်းရောက်မျိုး။

၁၅၁၀။ အကျွန်ုပ်၏ကိုးကွယ်ရာ အရှင်သာဖြစ်ပါလို့ အစစ်ဆိုရိုး
အမှူးတင် အထူးပင် လျှောက်ထားတယ် လေးစားနေမျိုး။

၁၅၁၁။ သိဒ္ဓတ္ထတဲ့မြတ်စွာ လူ့ဗာလာတရားဟောပါလို့ သဘောမြိုး
မှန်စွာလာ သံဃာဟာ သမုဒ္ဒရာပြုတယ် မှတ်ကြလေမျိုး။

၁၅၁၂။ မနှိုင်းယှဉ်အပ်သောဂုဏ်ဟာ မြတ်သံဃာရှိပါလို့ ကဝိမိန့်မှ
ထုတ်တဖြာ ဥတ္တရာ အတိဥတ္တရ မုချမှတ်မျိုး။

၁၅၁၃။ သံဃာ၌စိတ်ကြည်ကာ စိုက်ပျိုးပါမျိုးစေ့ယူပါလို့ တမူပြမှိုး
အဆိုးကွာ အကျိုးဟာ အနန္တ လဒ္ဓဆိုမျိုး။

၁၅၁၄။ ဗုဒ္ဓတဲ့မြတ်စွာ ငါ့ကိုသာဆုံးမပါလို့ သုဒ္ဓဖြစ်ရိုး
ဆက်ပြုမှာ တက်ကြွတာ ကောင်းကင်ခရီး အပြီးမှတ်မျိုး။



၁၅၁၅။ ကြွသွားလို့မကြာခင်မှာ ငါသေတာအမှန်ဖြစ်ပါလို့ အစစ်မှတ်မှိုး
ရှုကြည့်ပါ တုသိတာ နတ်ပြည်ရောက်တယ် ဝမ်းမြောက်နေမျိုး။

၁၅၁၆။ သံဃာတော်၌ကြည်ညိုတာ တကမ္ဘာနတ်ပြည်ကြဲပါလို့ တဖုံ
မှတ်ရိုး
တတ်သေချာ နတ်ပြည်မှာ မွေ့လျော်ရတယ် စိတ်ကကြည်မျိုး။

၁၅၁၇။ အပါယ်တဲ့လေးရွာ နောက်တဖြာမတွေ့ပါလို့ ယနေ့ဆိုရိုး
အသိသာ ဂတိမှာ သုဂတိ ရောက်ရှိလေမျိုး။

၁၅၁၈။ သံဃာတော်၌ကြည်ညိုတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရိုး
ကံရှိလာ သမ္ပဒါ လေးပါးရတယ် လောကထက်မျိုး။

၁၅၁၉။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြုပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၅၂၀။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ယောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၅၂၀။ သမ္ပတဲ့သာဒကာ ထွေရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
မှန်စွာဆို သံဃာကို ကြည်ညိုကြတယ် အေးမြနေမျိုး။

၁၅၂၂။ စာပေတဲ့အရသာ ခံစားလာ အမိုက်ကင်းပါလို့ ပွင့်လင်းနေရိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



## အာရာမဒါယကတ္ထေရ အပဒါန

### ထုတ်ပြလေကျိုး ကြီးရိုး

၁၅၂၃။ ဘုရားရှင်၏အကျိုးငှာ စိုက်ပျိုးတာအရံဖြစ်ပါလို့ အစစ်မှတ်ရိုး
ပြစ်စင်ပေ သစ်ပင်တွေ အရိပ်ရတယ် အေးမြနေမျိုး။

၁၅၂၄။ သိဒ္ဓတ္ထတဲ့ဘုရားဆို အရံကိုပင့်ပါလို့ အသင့်ဖြစ်ရိုး
ဖွေးဖြူစွာ ပေးလှူတာ သီးအပွင့် အဆင့်မြင့်မျိုး။

၁၅၂၅။ ကြည်ညိုတဲ့စိတ်ဟာ ဖြစ်ပေါ်လာသဒ္ဓါတိုးပါလို့ ကောင်းကျိုး
မျှော်ရိုး
ဇောပိုမြင် တောကိုပင် အလှူပေးတယ် မနှေးပြုမျိုး။

၁၅၂၆။ ဘဝကြီးငယ်အသွယ်သွယ် အကျိုးဝယ်ဖြစ်ထွန်းပါလို့ အလွန်
သင့်ရိုး
အမှုူးတင် အထူးပင် ပြောလိုလှတယ် အားရဖွယ်မျိုး။

၂၅၂၇။ (၉၄)ကမ္ဘာအထက်မှာ ငါလှူတာအရံဖြစ်ပါလို့ အနှစ်တွေ့ရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ မကြုံရတယ် မှတ်ကြလေမျိုး။

၁၅၂၈။ (၃၇)ကမ္ဘာအထက်မှာ ရတနာသတ္တပြပါလို့ မှတ်ကြလေရိုး
တွေ့ကြုံလာ ပြည့်စုံတာ ဗိုလ်ပါများ ထင်ရှားနေမျိုး။



၁၅၂၉။ မုဒုသီတလသညာ အမည်မှာပေါ်လွင်ပါလို့ အစဉ်လှရိုး
ဝင်းလက်ဖြာ မင်းစကြာ (၇)ကြိမ်ဖြစ်တယ် အစစ်မြတ်နိုး။

၁၅၃၀။ အရံကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကထက်မျိုး။

၁၅၃၁။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၅၃၂။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၅၃၃။ အာရာမတဲ့ဒါယကာ တ္ထေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
အမှန်ဆို အရံကို အလှူပေးတယ် ကြူမွေးနေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



## အနုလေပဒါယကတ္ထေရ အပဒါန

### ဆုတော်ပြလေးကြိုး တြိချီး

၁၅၃၄။ အတ္ထဒဿီမြတ်စွာ တပည့်မှာသာဝကဖြစ်ပါလို့ အစစ်မှတ်ရိုး
အမှူးတင် အထူးပင် ဂါရဝါ ဦးချရှိခိုး။
၁၅၃၅။ သိမ်အကျိုးငှာပြုလုပ်ပြန် ရဟာန်းထံချဉ်းကပ်ပါလို့ အမြတ်ရှိုး
မြင်တထွေ အင်္ဂတေ လိမ်းကျံပေးတယ် မနှေးလှူမျိုး။
၁၅၃၆။ တစ်ထောင့်ရှစ်ရာကမ္ဘာ ပါယ်လေးရွာမကြဲပါလို့ တဖုံမှတ်ရိုး
မှန်တိုးလာ ကံကျိုးဟာ အဖြစ်ဆန်းတယ် အေးချမ်းနေမျိုး။
၁၅၃၇။ အင်္ဂတေတဲ့လိမ်းကျံတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဗိဒါ လေးပါးရတယ် လောကထက်မျိုး။
၁၅၃၈။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုးလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၅၃၉။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၅၄၀။ အနုလေပတဲ့ဒါယကာ ထေ္တရမှာအပဒါန်ဆက်ပါလို့ တသက်
မှတ်ရိုး
မှန်စွာဆို သံယာကို အကျိုးပြုတယ် ကောင်းမှုမြတ်နိုး။



## ဗုဒ္ဓသညကတ္ထေရ အပဒါန

### ဆုတော်ပြလေးကြိုး တြိချီး

၁၅၄၁။ များစွာသောအရောင်တွေ မြတ်စိန္တေအမှန်ရှိပါလို့ ပီတိဖြစ်ရိုး
ခုမြင်ဆို လုလင်ကို နေလိုပြတယ် တွေ့ရလေမျိုး။
၁၅၄၂။ တောအတွင်းသို့ကြွသွားတာ သိဒ္ဓတ္ထာအမှန်ဖြစ်ပါလို့ အစစ်မြတ်နိုး
ထူးယှဉ်လာ ဖူးမြင်တာ အိပ်မက်ထဲ မလွဲမှတ်မျိုး။
၁၅၄၃။ ဘုရားရှင်၌ကြည်ညိုတာ စိတ်ထဲမှာအမှန်ဖြစ်ပါလို့ အစစ်ဆိုရိုး
အသီသာ ဂတိမှာ သုဂတိရောက်တယ် ဘုန်းတောက်နေမျိုး။
၁၅၄၄။ (၉၄)ကမ္ဘာအထက်မှာ ပါယ်လေးရွာမထိပါလို့ အသီသာရိုး
တတ်မြင်တာ မှတ်သညာ မြတ်ဘုရား ထူးခြားနေမျိုး။
၁၅၄၅။ ဗုဒ္ဓကိုတဲ့သတိရကာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဗိဒါ လေးပါးရတယ် လောကထက်မျိုး။
၁၅၄၆။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုးလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၅၄၇။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၅၄၈။ ဗုဒ္ဓတဲ့သညကာ ထေ္တရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
မုချဆို ဗုဒ္ဓကို ကြည်ညိုစိတ် ထွတ်ထိပ်ရောက်မျိုး။
၁၅၄၉။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနှိုးရိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။

www.burmeseclassic.com



## ပဏ္ဍာရဒါယကတ္ထေရ အပဒါန

### ထုတ်ပြလေကြီး ကြီးချုံး

၁၅၅၀။ ပိယဒဿီမြတ်စွာ နေတာဟာလိုဏ်ဂူဖြစ်ပါလို့ အစစ်မှတ်ရှိ
အမှူးတင် အထူးပင် သုတ်သင်ခဲ့တယ် တလှည့်ဆိုမျိုး။
၁၅၅၁။ သစ္စာတဲ့လေးဖြာ သိပြီးတာအမှန်ဖြစ်ပါလို့ အစစ်မှတ်ရှိ
တိကျလို ပိယဆို ဒဿီဘုရား ငါ့အားမိန့်မျိုး။
၁၅၅၂။ လိုဏ်ဂူကိုတဲ့သုတ်သင် အနားတွင်ရေအိုးတည်ပါလို့ တလီမှတ်
တပ်အပ်ဆို ပြာသာဒ်ကို ဖြစ်လာရမယ် ဗုဒ္ဓမိန့်မျိုး။
၁၅၅၃။ ဘုံဆင့်ကတစ်ရာ မြားကျမှာတစ်ထောင်ရှိပါလို့ ပီတိဖြစ်ရှိ
အမှန်လာ အလံမှာ မျှားစွာတွေ့မယ် မမေ့နိုင်မျိုး။
၁၅၅၄။ ရွှေအတိတဲ့ပြီးနေတာ ပြာသာဒ်မှာအလွန်ဆန်းပါလို့ နေခန်းသာ
မှတ်လေပါ နတ်ပြည်မှာ တစ်ကမ္ဘာလုံး အပြုံးတွေ့မျိုး။
၁၅၅၅။ (၃၂)ကမ္ဘာအထက်မှာ ရတနာသတ္တာပြပါလို့ မှတ်ကြလေရှိ
ပိုကာနေ ဗိုလ်ပါတွေ အလွန်များတယ် ထင်ရှားနေမျိုး။
၁၅၅၆။ သုသုဒ္ဓတဲ့သညာ အမည်မှာပေါ်လွင်ဝါလို့ အစဉ်လှရှိ
ဝင်းလက်ဖြာ မင်းစကြာ အမှန်ဖြစ်တယ် အစစ်မြတ်နိုး။



၁၅၅၇။ လိုဏ်ဂူကိုတဲ့သုတ်သင်ကာ ရေအိုးပါတည်ထားတာမို့ အများ
တွေ့ရှိ
ကံရှိလာ သမ္ပိဒါ လေးပါးရတယ် လောကထက်မျိုး။
၁၅၅၈။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိ
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၅၅၉။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိ
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၅၆၀။ အဏ္ဍာရတဲ့ဒါယကာ တ္ထေရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်မျိုး
လာတလီ ပါရမီ လိုတာပြည့်တယ် ချမ်းမြေ့နေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



# အာရက္ခဒါယကဝဂ်

## အာရက္ခဒါယကတ္ထေရ အပဒါန

ထုတ်ပြပေကျိုး ကြိုချီး

၁၅၆၁။ မမွေ့ဒဿီတဲ့မြတ်စွာ အရံမှာစောင်းရမ်းပြုပါလို့ ကောင်းမှုမြတ်နိုး
အများမြင် ဘုရားရှင် စောင့်ရှောက်ခဲ့တယ် တလှည့်မှတ်ရိုး။

၁၅၆၂။ ကမ္ဘာတစ်ထောင့်ရှစ်ရာအထက်မှာ ကောင်းမှုပြုပါလို့ ယခုဆိုနိုး
ထောက်ငဲ့ကာ ရောက်ခဲ့တာ အရဟတ္တဖိုလ်သို့ မချို့မှတ်ရိုး။

၁၅၆၃။ စည်းစောင်းရမ်းကိုပြုခဲ့တာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစဉ်
မှတ်ရိုး
ကံရှိလာ သမ္ပဒါ လေးပါးရတယ် ဘဝထက်မျိုး။

၁၅၆၄။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြုပါလို့ မှတ်ကြလေနိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၅၆၅။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေနိုး

၁၅၆၆။ အာရက္ခတဲ့ဒါယကာ တ္ထေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
လာမကြာ သာသနာ လိုတာပြုကွယ် အောင်ဆုရမျိုး။

၁၅၆၇။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။



## ဘောဇနဒါယကတ္ထေရ အပဒါန

ထုတ်ပြပေကျိုး ကြိုချီး

၁၅၆၈။ အင်ကြွင်းပင်ပျိုပမာ မြင့်တက်တာဒန့်သလွန်ပင်ပြပါလို့ ဗုဒ္ဓမှတ်နိုး
မြင့်ကြွယ်လာ တင့်တယ်တာ အခါခပ်သိမ်း အောင်ကိန်းရမျိုး။

၁၅၆၉။ ဝေဿဘူတဲ့မြတ်စွာ တွေ့သောခါကြည်ညိုပါလို့ ကုသိုလ်ပြုနိုး
ဇောရွှင်ပို ဘောဇဉ်ကို အလှူပေးတယ် ကြူမွေးနေမျိုး။

၁၅၇၀။ ဘောဇဉ်ကိုတဲ့ပေးလှူကာ မြတ်ဓမ္မာဟောပြပါလို့ နာရလေနိုး
ဖြစ်တိုင်းမှာ ညစ်ရိုင်းကွာ ကောင်းကျိုးရမယ် မှတ်ကြလေမျိုး။

၁၅၇၁။ (၃၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရိုး
အသိသာ ဂတိမှာ သုဂတိတွေ့မယ် ချမ်းမြေ့နေမျိုး။

၁၅၇၂။ (၂၇)ကမ္ဘာအထက်မှာ ရတနာသတ္တာပြပါလို့ မှတ်ကြလေရိုး
ပိုကာနေ ဗိုလ်ပါတွေ အလွန်များတယ် လေးစားကြမျိုး။

၁၅၇၃။ အမိတ္တကတဲ့သညာ မင်းစကြာတစ်ကြိမ်ဖြစ်ပါလို့ အစစ်မြတ်နိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။

၁၅၇၄။ ဘောဇဉ်ကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရိုး
ကံရှိလာ သမ္ပဒါလေးပါးရတယ် လောကထက်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၅၇၅။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေနိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၅၇၆။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေနိုး

၁၅၇၇။ ဘောဇနတဲ့ဒါယကာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရှိုး
လာမကြာ ဒါယကာ ဘောဇန လှူပြလေမျိုး။

၁၅၇၈။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။



## ဂတသညကတ္ထေရ အပဒါန

### ထုတ်ပြဲပေရိုး ကြိုးချီး

၁၅၇၉။ လေတို့၏သွားရာလမ်းမှာ ရေးခြစ်ပါမရပါလို့ မှတ်ကြလေရိုး
ဖွေကာရှာ ခြေရာမှာ ကင်းနေရမယ် တဝဆိုမျိုး။

၁၅၈၀။ သိဒ္ဓတ္ထတဲ့မြတ်စွာ နတ်ပြည်ရွှာကြွသွားပါလို့ ထင်ရှားလေရိုး
အသားပို ဘုရားကို ဖူးမြင်လိုက်တယ် နှစ်ခြိုက်နေမျိုး။

၁၅၈၁။ သက်န်းတော်ကလှုပ်ရှားကာ ကြွသွားတာဖူးမြင်ရပါလို့ မှတ်ကြ
လေရိုး
သစ်မျှော်ကာ ဖြစ်ပေါ်တာ နှစ်သက်မှု ယခုဆိုမျိုး။

၁၅၈၂။ (၉၄)ကမ္ဘာအထက်မှာ မြတ်ဗုဒ္ဓါအမှတ်ရပါလို့ ဘဝမြင့်ရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မတွေ့တယ် ချမ်းမြေ့နေမျိုး။

၁၅၈၃။ ဘုရားကိုတဲ့အမှတ်ရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ဖို
က်ရှိလာ သမ္မာဒါ လေးပါးရတယ် ဘဝထက်မျိုး။

၁၅၈၄။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေနိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၅၈၅။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၅၈၆။ ဂတတဲ့သညကာ တွေ့ရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
အကြောင်းသာ အကောင်းတာ တွေ့မြင်ရမယ် ကံကဝေဖြိုး။
၁၅၈၇။ ဂတသညကမဟာထေရ် ဂါထာတွေဟောကာပြပါလို့ မှတ်ကြ
လေရိုး
အကျင့်သာ အဆင့်မှာ အရိယာလမ်း အေးချမ်းလျှောက်မျိုး။



## သတ္တပဒုမိယတွေ့ရ အပဒါန

### ဆုတော်ပြလေရိုး ကြိုးချီး

၁၅၈၈။ နေသာဒလို့ခေါ်တာ ပုဏ္ဏားမှာငါဖြစ်ပါလို့ အစစ်မှတ်ရိုး
ယခုရှာ ပဒုမာ ကျောင်းသခ်မ်း အေးချမ်းနေမျိုး။
၁၅၈၉။ ကျောင်းသခ်မ်းကိုတန်ဆာဆင် ကြာမျိုးတွင်ပဒုမာမှတ်ပါလို့
တရပ်ဆိုရိုး
စစ်တလီ မြစ်နဒီ အနီးဖြစ်တယ် အစစ်မှန်မျိုး။
၁၅၉၀။ သိဒ္ဓတ္ထတဲ့မြတ်စွာ ခရီးမှာကောင်းကင်ဖြစ်ပါလို့ အစစ်ဆိုရိုး
အမှုးတင် အထူးပင် ဖူးမြင်ရတယ် မှတ်ကြလေမျိုး။
၁၅၉၁။ ခရီးဦးတဲ့ကြိုဆိုကာ ပင့်ဆောင်တာသခ်မ်းကျောင်းဖြစ်ပါလို့
အစစ်မှတ်ရိုး
တူပျော်စွာ ပူဇော်တာ ကြာပန်းဖြစ်တယ် အစစ်မြတ်နိုး။
၁၅၉၂။ (၉၄)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရိုး
မှတိုးလာ လှူကျိုးဟာ လူနတ်ဖြစ်တယ် အစစ်တွေ့မျိုး။
၁၅၉၃။ (၇၃)ကမ္ဘာအထက်မှာ ရတနာသတ္တပြပါလို့ မှတ်ကြလေရိုး
ပိုကာနေ ဗိုလ်ပါတွေ အလွန်များတယ် ထင်ရှားနေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၅၉၄။ ပါဒပဝရတဲ့သညာ အမည်မှာပေါ်လွင်ပါလို့ အစဥ်လှရှိး
ဝင်းလက်ဖြာ မင်းစကြာ လေးကြိမ်ဖြစ်တယ် အစစ်မြတ်နိုး။

၁၅၉၅။ ကြာပန်းကိုတဲ့ပူဇော်ကာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရှိး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် လောကထက်မျိုး။

၁၅၉၆။ ဝိမောကွတဲ့ရှုစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၅၉၇။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေရှိး

၁၅၉၈။ သတ္တတဲ့ပဒုမိယာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရှိး
အတွေးသာ အရေးမှာ အစဥ်လှတယ် ဘေးကလွတ်မျိုး။



# ပုပ္ဖာသနဒါယကတ္ထေရ အပဒါန

## ထွက်ပြလေရိုး ကြိချိုး

၁၅၉၉။ ရန်သူတို့သည်မအောင်နိုင် မြတ်ဘုန်းလှိုင်သိဒ္ဓတ္ထာဖြစ်ပါလို့ အစစ်
မှတ်ရှိး
ပြအားသာ ကြွသွားတာ မနီးမဝေး တွေ့ရေးမှန်မျိုး။

၁၆၀၀။ ခရီးဦးကိုတဲ့ကြိုဆိုကာ မြတ်ဗုဒ္ဓါပင့်ပါလို့ အဆင့်သာရှိး
ဆင်မြန်းလို သမ်မ်းဆို ဝိဟာရ ဗုဒ္ဓကြွမျိုး။

၁၆၀၁။ စိတ်ထဲမှာလည်းကြည်လင်လာ ပန်းမွေ့ရာပေးလှူပါလို့ ဖွေးမြ
နေရှိး
ကြောင်းပြုမှန် ကောင်းမှုကံ ငါ့မှာရှိတယ် ပီတိဖြစ်မျိုး။

၁၆၀၂။ သာသနာနှင့်တွေ့သောခါ ကိလေသာအပူကင်းပါလို့ သန့်ရှင်း
လိုရှိး
သိပ်ကဲသာ စိတ်ထဲမှာ ညွတ်စေခဲ့တယ် တလှည့်မှတ်မျိုး။

၁၆၀၃။ (၉၄)ကမ္ဘာအထက်မှာ ပန်းမွေ့ရာအလှူပေးပါလို့ တမွေးခဲ့ရှိး
ကယ်ပေးယုံ ပါယ်လေးဘုံ မသိရတယ် မှတ်ကြလေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၆၀၄။ ပန်းမွှေ့ရာကိုလှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၆၀၅။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၆၀၆။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၆၀၇။ ပုပ္ဖာသနဒါယကာ ထွေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
သိလေပါ ကီလေသာ ကင်းလိုလှတယ် စိတ်ကဖြူမျိုး။



# အာသနသန္ထဝိကတ္ထေရ အပဒါန

## ထူဇော်ပြပေကြိုး တြိချိုး

၁၆၀၈။ သိခီတဲ့မြတ်စွာ အမည်မှာဥတ္တမဖြစ်ပါလို့ အစစ်မှတ်ရိုး
ကုအားသာ ပြုထားတာ စေတီရှိတယ် လာကြည့်သိမျိုး။

၁၆၀၉။ ထိုအခါတဲ့ငါဟာ တောထဲမှာလမ်းမှားပါလို့ အသွားခက်ရိုး
အများမြင် ဘုရားရှင် နေရာတွေ့တယ် ချမ်းမြေ့နေမျိုး။

၁၆၁၀။ လက်အုပ်ကိုတဲ့ချီကာ မြတ်ဗုဒ္ဓါချီးကျူးပါလို့ အထူးပြုရိုး
မှည့်ခေါ်လာ ဘွဲ့တော်မှာ သိခီပြတယ် မှတ်ကြလေမျိုး။

၁၆၁၁။ ချီးကျူးတဲ့အခါ စိတ်ထဲမှာရွှင်လန်းပါလို့ အစွမ်းထက်ရိုး
ထောက်ထားလို ယောကျ်ားဆို အာဇာနည်ဘွဲ့ ရခဲ့လေမျိုး။

၁၆၁၂။ ယောကျ်ားမြတ်ဖြစ်လို့သာ နောက်တဖြာပြပါလို့ မှတ်ကြလေရိုး
အဆင့်ပို အရှင့်ကို ဂါရဝ ဦးချရှိခိုး။

၁၆၁၃။ အလုံးစုံသောမြတ်မမှာ အရှင်ဟာသိပါလို့ မုနိဖြစ်ရိုး
နည်းထူးရှာ ချီးကျူးကာ မြောက်အရပ်ထွက်တယ် တချက်မှတ်မျိုး။

၁၃၁၄။ (၃၁)ကမ္ဘာအထက်မှာ မြတ်ဗုဒ္ဓါချီးကျူးပါလို့ အထူးဆိုရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ မကြုံရတယ် မှတ်ကြလေမျိုး။

၁၃၁၅။ (၂၇)ကမ္ဘာအထက်မှာ ရတနာသတ္တပြပါလို့ မှတ်ကြလေရိုး
တွေ့ကြုံလာ ပြည့်စုံတာ ဗိုလ်ပါများ ထင်ရှားရှိမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၃၁၆၊ အတုလတဲ့သညာ မင်းစကြာ(၇)ကြိမ်ဖြစ်ပါလို့ အစစ်မြတ်နိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။

၁၆၁၇။ ဘုရားကိုတဲ့ချိုးကျူးကာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်နိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၆၁၈။ ဝိမောက္ခတဲ့ရှုစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၆၁၉။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေရှိုး

၁၆၂၀။ အာသနတဲ့သန္ထဝိကာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်နိုး
တွေးမှာသာ ရေးလာတာ အပြီးရောက်တယ် ဝမ်းမြောက်နေမျိုး

၁၆၂၁။ အာသနသန္ထဝိကမဟာထေရ် ဂါထာတွေဟောကာပြပါလို့ မှတ်ကြ
လေရှိုး
လာတလီ ပါရမီ ပြည့်အောင်ဖြည့်တွယ် ကောင်းပေ့ကံမျိုး။

၁၆၂၂။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေရှိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။

# သဒ္ဒသညကတ္ထေရ အပဒါန

## ထုဇော်ပြလေရှိး ကြိုချီး

၁၆၂၃။ ကြည်ညိုဖွယ်တဲ့တောင်းတာ နောက်တဖြာလှဲ့လရှိပါလို့ မုနိဖြစ်ရိုး
အများမြင် ဘုရားရှင် သိဒ္ဓတ္ထ တွေ့ရလေမျိုး။

၁၆၂၄။ တပည့်အပေါင်းခြံရံကာ မြတ်ဓမ္မာဟောပြပါလို့ နာရလေရိုး
ပေါင်းပေါ်လာ ကျောင်းတော်မှာ သီတင်းသုံးတယ် အပြုံးတွေ့မျိုး။

၁၆၂၅။ ချိုမြိန်လို့သာယာ တရားဟာသူငါကြိုက်ပါလို့ နှစ်ခြိုက်ကြရိုး
နည်းထောက်ရှာ ချီးမြောက်တာ လူအများ ထင်ရှားလေမျိုး။

၁၆၂၆။ ပြန့်ပြောသောအသံတော် ကြားရသော်ရွှင်လန်းပါလို့ အစွမ်း
ထက်ရိုး
မလွဲမြင် အမြဲပင် အသံစွဲတယ် ထူးကဲနေမျိုး။

၁၆၂၇။ (၉၄)ကမ္ဘာအထက်မှာ မြတ်ဗုဒ္ဓါအမှတ်ရပါလို့ တဝဆိုရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မတွေ့တယ် ချမ်းမြေ့နေမျိုး။

၁၆၂၈။ ဘုရားကိုတဲ့အမှတ်ရတာ အံ့ဖွယ်ရာတတယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၆၂၉။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၆၃၀။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေရှိုး

၁၆၃၁။ သဒ္ဒတဲ့သညကာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရှိုး
အမှန်ဆို အသံကို စိတ်မှာစွဲတယ် မလွဲတွေ့မျိုး။



www.burmeseclassic.com

www.burmeseclassic.com



# တိရုံသိယတ္ထေရ အပဒါန

## ထုတ်ပြလေကျိုး ငါးချိုး

၁၆၃၂။ ခြသေ့်မင်းတဲ့ပမာ ရဲရင့်တာအမှန်ဖြစ်ပါလို့ အစစ်မှတ်ရှိုး
နည်းစုံပို မီးပုံလို တောက်ပလှတယ် တွေ့ရလေမျိုး။

၁၆၃၃။ အရပ်အားလုံးကိုထွန်းလင်းတာ တောင်ကြားမှာသိတင်းသုံးပါရှိုး
အပြုံးတွေ့ရှိုး
ပြစ်ချက်ကွာ နှစ်သက်တာ ငါ့စိတ်ထဲ မလွဲဖြစ်မျိုး။

၁၆၃၄။ အရောင်သုံးမျိုးကိုတွေ့မြင်ကာ မြတ်ဗုဒ္ဓါချီးကျူးပါလို့ အထူးပြုရှိုး
ပြောကြတာ လောကမှာ မြတ်ဘုရား ရှေ့သွားဖြစ်မျိုး။

၁၆၃၅။ အမိုက်မှောင်ကိုပယ်ဖျောက်တာ လနေဟာပေါ်လာပါလို့ တပြ
မှတ်ရှိုး
အချိုးသာ တမျိုးမှာ တထာဂတ သုံးဝတွေ့မျိုး။

၁၆၃၆။ ဥပမာကိုတဲ့ညွှန်ပြကာ မြတ်ဗုဒ္ဓါချီးကျူးပါလို့ အထူးမှတ်ရှိုး
တပ်သေချာ နတ်ပြည်မှာ တစ်ကမ္ဘာလုံး အပြုံးတွေ့မျိုး။

၁၆၃၇။ (၉၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရှိုး
အသိသာ ဂတိမှာ သုဂတိရောက်တယ် ဝမ်းမြောက်နေမျိုး။

၁၆၃၈။ (၆၁)ကမ္ဘာအထက်မှာ ရတနာသတ္တာပြပါလို့ မှတ်ကြလေရှိုး
တွေ့ကြုံလာ ပြည့်စုံတာ ဗိုလ်ပါများ ထင်ရှားရှိမျိုး။



၁၆၃၉။ ဉာဏရေသညာ မင်းစကြာတစ်ကြိမ်ဖြစ်ပါလို့ အစစ်မြတ်နိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။

၁၆၄၀။ ဘုရားရှင်၏ကျေးဇူးဂုဏ် အမြွယ်ချီးကျူးပါလို့ ကြည်နူးနေရှိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၆၄၁။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၆၄၂။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၆၄၃။ တိရုံတဲ့သိယာ ထေ္ထရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရှိုး
အမှောင်ဖြို အရောင်ကို သုံးမျိုးတွေ့တယ် ယနေ့ဆိုမျိုး။

၁၆၄၄။ တိရုံသိယမဟာထေရ် ဂါထာတွေဟောကာပြပါလို့ မှတ်ကြလေရှိုး
မလွဲလို အမြဲကို သတိထားကွယ် ဘုရားကြိုက်မျိုး။

၁၆၄၅။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေရှိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်ရှိုး။

www.burmeseclassic.com

www.burmeseclassic.com



## ကန္ဒလိပုပ္ဖိယတ္ထေရ အပဒါန

### ထုတ်ပြလေရှိး ပြန်ချိး

၁၆၄၆။ ထိုအခါတဲ့ငါဟာ အဆင့်မှာလယ်သမားဖြစ်ပါလို့ အစစ်မှတ်ရှိး
သစ်လမ်းပို မြစ်ကမ်းဆို သိန္ဓုပြတယ် တွေ့ရလေမျိုး။

၁၆၄၇။ သူတစ်ပါးအလုပ်ကိုလုပ်ကာ ထမင်းပါစားရပါလို့ မှတ်ကြလေရှိး
သစ်တလီ မြစ်နဒီ လှည့်လည်ကြည့်တယ် ပီတိဖြစ်မျိုး။

၁၆၄၈။ သမာဓိဖြင့်သီတင်းသုံးတာ ပဒုမာအတူပြပါလို့ မှတ်ကြလေရှိး
အမျှားဖြင် ဘုရားရှင် သိဒ္ဓတ္ထ ဖူးရလေမျိုး။

၁၆၄၉။ ကန္ဒလိတဲ့ပန်းအမည် နောက်တလီသစ္စပန်းပြပါလို့ မှတ်ကြလေရှိး
တတ်မူသာ ဖြတ်ယူကာ မြတ်ဘုရား လှူထားခဲ့မျိုး။

၁၆၅၀။ မြစ်ကမ်း၌နေတော်မူ သယမ္ဘူအမှန်ဖြစ်ပါလို့ အစစ်ဆိုရိုး
ယှဉ်ကာလာ ပညာမှာ ရင့်ကျက်လှတဲ့ ဦးချရှိခိုး။

၁၆၅၁။ (၉၄)ကမ္ဘာအထက်မှာ ငါလှူတာပန်းဖြစ်ပါလို့ အစစ်မှတ်ရှိး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မတွေ့တယ် ချမ်းမြေ့နေမျိုး။

၁၆၅၂။ ဘုရားကိုတဲ့ပန်းလှူတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရှိး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။



၁၆၅၃။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၆၅၄။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တာလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၆၅၅။ ကန္ဒလိတဲ့ပုပ္ဖိယာ တ္ထေရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
စွမ်းမူသာ ပန်းလှူတာ သူငါတွေ့တယ် ချမ်းမြေ့နေမျိုး။

၁၆၅၆။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေရိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



## ကုမုဒမာလိယတ္ထေရ အပဒါန

### ထုတ်ပြလေရိုး ကြိုချိုး

၁၆၅၇။ အမျိုးမြတ်သောခြင်္သေ့မာ စောသတ္တာပြပါလို့ မှတ်ကြလေရှိုး
အချိုးသာ တမျိုးမှာ ဂုဏာပြတယ် တွေ့ရလေမျိုး။

၁၆၅၈။ ခိုင်ခန့်သောသမာဓိဟာ နောက်တဖြာရှိပါလို့ အသိဖြစ်ရှိုး
သာကြီးသာ ရှာမှီးတာ သီလာဒိ ဂုဏ်ရှိလေမျိုး။

၁၆၅၉။ မာရ်ငါးပါးကိုအောင်မြင် ပေးလှူလှူခ်ထိုက်ပါလို့ နှစ်ခြိုက်ရှိုး
လှစ်တဖြာ ပစ္စယာ ဝတ္ထုပြတယ် မှတ်ကြလေမျိုး။

၁၆၆၀။ လမ်းခရီး၌ကြွသွားတာ ဘုရားမှာဝိပဿီဖြစ်ပါလို့ အစစ်မှန်ရှိုး
အမှူးတင် အထူးပင် ဂါရဝ ဦးချရှိခိုး။

၁၆၆၁။ ကြာပန်းတဲ့ကုမုဒြာ မြတ်ဗုဒ္ဓါလှူဒါန်းပါလို့ ကံစွမ်းထက်ရှိုး
ကယ်ပေးယုံ ပါယ်လေးဘုံ မကြုံရတယ် မှတ်ကြလေမျိုး။

၁၆၆၂။ ဘုရားကိုတဲ့ပန်းလှူတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရှိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၆၆၃။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၆၆၄။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေရှိုး

၁၆၆၅။ ကုမုဒတဲ့မာလိယာ တွေ့ရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရှိုး
ဖြူဖွေးစွာ လှူပေးတာ ကုမုဒြာပန်း ရွှင်လန်းနေမျိုး။



# ဥမာပုပ္ဖိယဝဂ်

## ဥမာပုပ္ဖိယတ္ထေရ အပဒါန

### ထုတ်ပြလေရိုး ကြိုချိုး

၁၆၆၆။ သမာပတ်ကိုတဲ့ဝင်စားကာ ရန်သူမှာမအောင်နိုင်ပါလို့ အပိုင်မှတ်ရှိုး
အများမြင် ဘုရားရှင် သိဒ္ဓတ္ထ ဖူးရလေမျိုး။

၁၆၆၇။ အောင်မဲညိုပန်းကိုယူကာ မြတ်ဗုဒ္ဓါတင်လှူပါလို့ ကြည်ဖြူနေရှိုး
ပေါင်းမြင်လာ ကောင်းကင်မှာ ပန်းအခင်းဖြစ်တယ် အစစ်တည်မျိုး။

၁၆၆၈။ ထိုကဲ့သို့တွေ့မြင် ဝါစိတ်တွင်ကြည်လင်ပါလို့ အစဉ်သာရှိုး
ရှုကြည့်ပါ တုသိတာ ဘုံသို့ရောက်တယ် ဝမ်းမြောက်နေမျိုး။

၁၆၆၉။ (၉၄)ကမ္ဘာအထက်မှာ ပန်းကိုသာပူဇော်ပါလို့ သူတော်ဖြစ်ရှိုး
ကယ်ပေးယုံ ပါယ်လေးဘုံ မကြုံရတယ် မှတ်ကြလေမျိုး။

၁၆၇၀။ (၅၅)ကမ္ဘာအထက်မှာ ဗိုလ်ပါဟာအများရှိပါလို့ ပီတိဖြစ်ရှိုး
မှန်တိုးလာ ကံကျိုးဟာ ထူးတာတွေ့မယ် မမေ့နိုင်မျိုး။

၁၆၇၁။ သမန္တဆဒနသညာ အမည်မှာပေါ်လွင်ပါလို့ အစဉ်လှရှိုး
ဝင်းလက်ဖြာ မင်းစကြာ တစ်ကြိမ်ဖြစ်တယ် အစစ်မြတ်နိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၆၇၂။ အောင်မဲညိုတဲ့ပန်းလှျာတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရိုး
ကံရှိလာ သမ္မိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၆၇၃။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေမိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၆၇၄။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၆၇၅။ ဥမာတဲ့ပုပ္ဖိယာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
နောင်ကပဲ အောင်မဲညို ပန်းဒါန လှူပြလေမျိုး။

၁၆၇၆။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။



# ပုလိနပူဇကတ္ထေရ အပဒါန

## ထုတ်ပြစကေရိုး ကြိုးချိုး

၁၆၇၇။ တင့်တယ်သောဖောက်ကြဲ့ပင် ဘုရားရှင်အတူပြပါလို့ မှတ်ကြ
လေရိုး
လာပါပြီ အာဇာနည် နိုသဘ တဝတူမျိုး။

၁၆၇၈။ တောက်ပသောသောက်ရှူးကြယ် နောက်တသွယ်ပြပါလို့
မှတ်ကြလေရိုး
ထောက်ဆပါ တောက်ပတာ မြတ်ဘုရား ထင်ရှားနေမျိုး။

၁၆၇၉။ ဂုဏ်ပေါင်းကများစွာ ဓောသတ္တာအမှန်ရှိပါလို့ မုနိဖြစ်ရိုး
အမျှုးတင် အထူးပင် ဂါရဝ ဦးချရှိခိုး။

၁၆၈၀။ မိမိမှာလည်းကံရှိလာ မြတ်ဗုဒ္ဓါချီးကျူးပါလို့ အထူးဆိုရိုး
မပူလို အလှူဆို တခုခု ငါပြုလိုမျိုး။

၁၆၈၁။ ခါးပိုက်ဖြင့်သဲကိုယူ ငါလှူမှုအမြတ်ရပါလို့ မှတ်ကြလေရိုး
အများမြင် ဘုရားရှင် ကြွကာသွားတယ် လမ်းကားရှိမိုး။

၁၆၈၂။ လမ်းခရီးဦကြဖြန့်ကာ ပူဇော်တာသဲတွေဖြစ်ပါလို့ အစစ်မြတ်နိုး
တွေ့ခန့်ရှာ နေ့သန့်ရာ တဝက်လောင်းတယ် အကောင်းတွေ့မျိုး။

www.burmeseclassic.com



၁၆၈၃။ (၉၁)ကမ္ဘာအထက်မှာ ပါယ်လေးရွာမရောက်ပါလို့ ကံတောင်းနေရိုး
မြဖြူစွာ သံလှူတာ အကျိုးပြတယ် မှတ်ကြလေမျိုး။
၁၆၈၄။ သဲကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဗိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။
၁၆၈၅။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၆၈၆။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး
၁၆၈၇။ ပုလိနတဲ့ပူဇကာ ထွေထွေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
တွေးအားသာ ရေးထားတာ တြိချိုး အကျိုးရှိမျိုး။



## ဟာသဇနကတွေ့ရ အပဒါန

### ထွတ်ပြလေကြီး တြိချိုး

၁၆၈၈။ သစ်ပင်ဖျား၌ဆွဲထားတာ စိဝရာပံသုကူဖြစ်ပါလို့ အစစ်မှတ်ရိုး
အများမြင် ဘုရားရှင် စီဝရ ပြောပြလေမျိုး။
၁၆၈၉။ လက်အုပ်ကိုတဲ့ချီကာ စောသတ္တာအာရုံပြုပါလို့ ကောင်းမှုလိုရိုး
ပုံပေါ်ပေ ဂုဏ်တော်တွေ ချီးကျူးခဲ့တယ် တလှည့်မှတ်မျိုး။
၁၆၉၀။ အဝေးမှမြင်ပါစေ ငါ့စိတ်တွေကြည်လင်ပါလို့ အစဉ်သာရိုး
ဆက်လုပ်လို လက်အုပ်ကို မြှောက်ချီထားတယ် လေးစားနေမျိုး။
၁၆၉၁။ (၉၁)ကမ္ဘာအထက်မှာ မြတ်ဗုဒ္ဓါအမှတ်ရပါလို့ စိတ်ကကြည်ရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ မကြုံရတယ် မှတ်ကြလေမျိုး။
၁၆၉၂။ ဘုရားကိုတဲ့အမှတ်ရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဗိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။
၁၆၉၃။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၆၉၄။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး
၁၆၉၅။ ဟာသတဲ့ဇနကာ တွေ့ရမှာအပဒါန်ဆက်ပါလိုက် တသက်မှတ်ရိုး
အများလို ဘုရားကို အမှတ်ရတယ် အေးမြနေမျိုး။
၁၆၉၆။ ဟာသဇနကမဟာထေရ် ဂါထာတွေဟောတာပြပါလို့ မှတ်ကြလေရိုး
အမှူးတင် အထူးပင် စိတ်ကောင်းရှိကွယ် ကဝိမြတ်နိုး။



# ယညသာမိကတ္ထေရ အပဒါန

## ထုတ်ပြလေကိုး ကြိုးချိုး

၁၆၉၇။ မွေးဖွား၍(၇)နှစ်အရွယ် ဗေဒင်ဝယ်တကယ်တတ်ပါလို့ တရပ်ဆိုရိုး
အချိုးသာ တမျိုးမှာ အနွယ်စောင့်တယ် အမှောင့်လွတ်မျိုး။
၁၆၉၈။ ယဇ်ကိုလည်းပူဇော်ချင် ငါသည်ပင်အားထုတ်ပါလို့ အလုပ်ဖြစ်ရိုး
အားဆောင်ပေ သားကောင်တွေ များစွာသတ်တယ် အမှတ်ရမျိုး။
၁၆၉၉။ သားကောင်တဲ့များစွာ ဆောင်ယူတာကြိုးနဲ့ဖြစ်ပါလို့ အစစ်မှတ်ရိုး
ဖြစ်ပေါင်းလို ရှစ်သောင်းဆို လေးထောင်ပြတယ် တဝဆိုမျိုး။
၁၇၀၀။ ယဇ်ပူဇော်ခြင်းအကျိုးဌာ တိုင်တွေမှာချည်ထားပါလို့ အများတွေ့ရိုး
သုတရှင် ခုကပင် မှတ်ကာထားကွယ် လေးစားဖွယ်မျိုး။
၁၇၀၁။ သိဒ္ဓတ္ထတဲ့မြတ်စွာ ထိုအခါငါ့ထံကြွပါလို့ တွေ့ရလေရိုး
မမှားလို တရားကို ဟောကာပြတယ် နာရလေမျိုး။
၁၇၀၂။ သတို့သားလို့ခေါ်ကာ သတ္တဝါမညှဉ်းဆဲပါလို့ အမြဲနေရိုး
မုချလာ ဗုဒ္ဓဟာ နှစ်သက်လှတယ် တဝဆိုမျိုး။
၁၇၀၃။ ခိုးခြင်းနှင့်လွန်ကျူးတာ သေရက်ပါရှောင်ကြဉ်ပါလို့ အစဉ်မှတ်ရိုး
မုချလာ ဗုဒ္ဓဟာ နှစ်သက်လှတယ် တဝဆိုမျိုး။
၁၇၀၄။ မြတ်သောအကျင့်ကိုကျင့်တာ ငါဗုဒ္ဓါနှစ်သက်ပါလို့ ချက်မှတ်ရိုး
ဖြစ်ချက်ကွာ နှစ်သက်တာ အကြားအမြင်များတယ် တပါးထပ်တိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၇၀၅။ သူကျေးဇူးကိုသိတာ ငါဗုဒ္ဓါနှစ်သက်ပါလို့ တချက်မှတ်ရိုး
အများမြင် ဘုရားရှင် မြတ်တရား ဟောကြားလေမျိုး။

၁၇၀၆။ ဤတရားတွေကိုဆောင်ထားသူ မျက်မှောက်မှုတမလွန်ပြပါလို့
မှတ်ကြလေရိုး
မလွဲမြင် အမြဲပင် ချီးမွမ်းကြတယ် ဗုဒ္ဓမိန့်မျိုး။

၁၇၀၇။ ဆုံးမ၍ပြီးသောခါ စောသတ္တာကောင်းကင်ကြွပါလို့ တွေ့ရလေရိုး
သိပ်ကဲသာ စိတ်မဲ့ဟာ ပျောက်ခါသွားတယ် အမှားလွတ်မျိုး။

၁၇၀၈။ စိတ်ဓာတ်ကကြည်လင်လာ သေသောခါတုသိရောက်ပါလို့
ဝမ်းမြောက်နေရိုး
တရားနာ အမှားကွာ အပါယ်လွတ်တယ် မချွတ်မှတ်မျိုး။

၁၇၀၉။ ဘုရားကိုတဲ့အမှတ်ရကာ ပါယ်လေးရွာမကျပါလို့ ဘဝမြင့်ရိုး
မှန်ရိုးလာ ကံကျိုးဟာ တကယ်ထက်တယ် တသက်မြတ်ရိုး။

၁၇၁၀။ သူ့အသက်ကိုတဲ့မသတ်တာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရိုး
ကံရှိလာ သမ္ပဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၇၁၁။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၇၁၂။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၇၁၃။ ယည္ညတဲ့သာမိကာ တွေ့ရမှာအပါဒန်တွဲပါလို့ မလွဲမှတ်ရိုး
ပြယုံပါ အပုညာ ရှောင်ကြဉ်ကြကွယ် ဘယလွတ်မျိုး။

# နိမိတ္တသညကတ္ထေရ အပဒါန

## ထုတ်ပြလေ့ကြိုး ကြိုးချိုး

၁၇၁၄။ စန္ဒဘာဂါမြစ်နားမှာ ငါနေတာအမှန်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ခြေမှာသာ နေတာဟာ သစ်မ်းကျောင်း အပေါင်းတွေ့မျိုး။

၁၇၁၅။ တောထဲ၌ကျက်စားကာ သမင်ဟာနေပါလို့ တထွေမှတ်ရိုး
အစဉ်ပို သမင်ကို တွေ့မြင်ရတယ် တဝဆိုမျိုး။

၁၇၁၆။ သမင်ပေါ်၌စိတ်ကြည်လင် ဘုရားရှင်အောက်မေ့ပါလို့ ယနေ့
ဆိုရိုး
ထောက်တွေ့ကာ အောက်မေ့တာ အခြားဘုရား မှတ်ထားလေမျိုး။

၁၇၁၇။ ပွင့်ပြီးတဲ့ဘုရားရှင် ပွင့်ဆဲတွင်ဘုရားဖြစ်ပါလို့ အစစ်မှတ်ရိုး
အချိုးသာ တမျိုးမှာ ပွင့်လတ္တံ့ပြတယ် ဗုဒ္ဓရှိမျိုး။

၁၇၁၈။ သုံးပါးသောမြတ်ဗုဒ္ဓါ တင့်တယ်တာအမှန်ပဲပေမို့ မလွဲဆိုရိုး
အားတင်းဆို သားမင်းလို ပမာပြတယ် မှတ်ကြလေမျိုး။

၁၇၁၉။ (၉၄)ကမ္ဘာအထက်မှာ စောသတ္တာအမှတ်ရပါလို့ တဝဆိုရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မတွေ့တယ် ချမ်းမြေ့နေမျိုး။

၁၇၂၀။ (၂၇)ကမ္ဘာအထက်မှာ ရတနာသတ္တာပြပါလို့ မှတ်ကြလေရိုး
ပိုကာနေ ဗိုလ်ပါတွေ များစွာရှိတယ် အသိဖြစ်မျိုး။

www.burmeseclassic.com



၁၇၂၁။ အရည်သဘွတဲ့သည္ဘာ မင်းစကြာတစ်ကြိမ်ဖြစ်ပါလို့ အစစ်မြတ်နိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။

၁၇၂၂။ ဘုရားကိုတဲ့အမှတ်ရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်နိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၇၂၃။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေနိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၇၂၄။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။



# အန္ဓသံသာဝကတ္ထေရ အပဒါန

## ထုတ်ပြလေကြိုး ကြိုချီး

၁၇၂၅။ ရွှေတုရိုက်တိုင်နှင့်တူတာ နောက်တဖြာရွှေအဆင်းရှိပါလို့ မုနိဖြစ်ရိုး
ဆက်တဖြာ လက္ခဏာ (၃၂) အစစ်တွေ့မျိုး။

၁၇၂၆။ အိမ်ဈေး၌ကြွသွားစဉ် ဘုရားရှင်ဖူးမြင်ရပါလို့ စိတ်ကကြည်ရိုး
မြင့်စိတ်လာ ပင့်ဖိတ်ကာ ဆွမ်းကိုကျွေးတယ် ကံဖွေးခဲ့မျိုး။

၁၇၂၇။ ထိုအခါတဲ့မြတ်ဗုဒ္ဓါ ငါ့ကိုသာတရားဟောပါလို့ မနောကြည်ရိုး
မှတ်လေပါ နတ်ပြည်မှာ တစ်ကမ္ဘာလုံး အပြုံးတွေ့မျိုး။

၁၇၂၈။ (၉၄)ကမ္ဘာအထက်မှာ ဆွမ်းကိုသာလှူဒါန်းပါလို့ ဂုဏ်ပန်းပန်ရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ မသိရတယ် မှတ်ကြလေမျိုး။

၁၇၂၉။ ဘုရားရှင်အားဆွမ်းလှူတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၇၃၀။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၇၃၁။ အန္ဓတဲ့သံသာဝကာ ထွေရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
စွမ်းမှုသာ ဆွမ်းလှူတာ ငါ့အတွက် နှစ်သက်နေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



# နိဂုလ္လာ ပုပ္ဖိယတ္ထေရ အပဒါန

## ဆုတ်ပြုပေကျိုး ဘိုချီး

၁၇၃၂။ နတ်ပြည်မှုစုတေကာ နတ်တွေမှာဝမ်းမြောက်ပါလို့ ကံတောင်းလိုရှိုး
ဉာဏ်သုံးကာ သံသုံးဖြာ ထွက်လာရတယ် မှတ်ကြလေမျိုး။
၁၇၃၃။ အချင်းလို့ခေါ်ကာ လူ့ပြည်ရွာသုဂတိသွားပါလို့ စကားဆိုရှိုး
အချုပ်လာ မနုဿာ သဒ္ဒါတရား သင်ကားရမျိုး။
၁၇၃၄။ အသက်ထက်ဆုံးသန္တမှာ မပျက်စီးတာအလိုရှိပါလို့ အသိသာရှိုး
ရှုတဖြာ ကုသလာ ကိုယ်ဖြင့်ပြု ယခုမှတ်မျိုး။
၁၇၃၅။ နှုတ်စိတ်လည်းအလားတူ ကုသိုလ်မှုဖြစ်စေပါလို့ တထွေမှတ်ရှိုး
မှတ်တဖြာ သတ္တဝါ အကျင့်မြတ် သွင်းလပ်တမျိုး။
၁၇၃၆။ ပညာရှိတဲ့နတ်တွေမှာ စုတေကာနီးနေပါလို့ တထွေမှတ်ရှိုး
မှတ်ထားလို နတ်သားကို ဝမ်းမြောက်စကား ပြောကြားလေမျိုး။
၁၇၃၇။ အမောင်နတ်သားလို့ခေါ်ကာ နတ်ပြည်ရွာပြန်လာပါလို့ တဖြာမှာရှိုး
မှတ်လေပါ နတ်တွေမှာ စည်းဝေးကြတယ် တွေ့ရလေမျိုး။



၁၇၃၈။ ထိုအခါ၌ငါ့မှာ ထိတ်လန့်ကာသံဝေဖြစ်ပါလို့ အစစ်မှတ်မျိုး
စုတေလာ လူ့ပြည်ရွာ အဘယ်အမျိုး ဝင်တိုးရရှိုး။
၁၇၃၉။ ပွားအပ်ပြီးသောက္ကန္ဓေ ငါသံဝေအမှန်ရှိပါလို့ မုနိဖြစ်ရှိုး
ပြရန်လို ငါ့ထံကို ကိုယ်တိုင်ကြွတယ် တွေ့ရလေမျိုး။
၁၇၄၀။ ပဒုမုတ္တရတဲ့မြတ်စွာ သာဝကာအမှန်ဖြစ်ပါလို့ အစစ်ဆိုရှိုး
မှည့်ခေါ်လာ ဘွဲ့တော်မှာ သုမန ဆုံးမလေမျိုး။
၁၇၄၁။ ထိုရဟန်း၏တရားနာ စိတ်ထဲမှာကြည်လင်ပါလို့ အစဉ်သာရှိုး
မမှားလို ဘုရားကို အောက်မေ့မိတယ် ပီတိဖြစ်မျိုး။
၁၇၄၂။ ပညာရှိတဲ့သမဏာ ဝန္ဒနာငါပြုပါလို့ ကောင်းမှုရရှိုး
နယ်မွန်သာ ကွယ်လွန်တာ ထိုအရပ် လေးမြတ်ပြုမျိုး။
၁၇၄၃။ ထိုအရပ်၌အမိဝမ်းမှာ သန္ဓေဟာနေရပါလို့ မှတ်ကြလေရှိုး
ရှုလေပါ လူ့ပြည်မှာ သူတော်ကောင်း အပေါင်းတွေ့မျိုး။
၁၇၄၄။ ထိုကိုယ်မှုစုတေကာ ဝတီသာနတ်ပြည်ရောက်ပါလို့ ဝမ်းမြောက်နေရှိုး
လင်းမြဲသာ ဆင်းရဲတာ ကြားကာလ လုံးဝလွတ်ရှိုး။
၁၇၄၅။ နတ်ပြည်မှုစုတေကာ  လူ့ပြည်ရွာကောင်းစွာရောက်ပါလို့ ဝမ်းမြောက်မိရှိုး
ရှုတဖြာ ကုသလာ အပုည နှစ်ဝသိမျိုး။
၁၇၄၆။ မွေးဖွားလို့(၇)နှစ်အရွယ် ဗုဒ္ဓနယ်ဝင်ပါလို့ အမြင်မှန်ရှိုး
အများမြင် ဘုရားရှင် ဂေါတမ မှတ်ကြလေမျိုး။
၁၇၄၇။ ဗုဒ္ဓ၏အဆုံးအမဟာ လူများစွာသိလာပါလို့ တဖြာဆိုရှိုး
လုံးဝသာ ဆုံးမတာ သမဏာများ လိုလားကြမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၇၄၈။ သာဝတ္ထိတဲ့မြို့တော်မှာ မင်းရာဇာကောသလရှိပါလို့ အသိဖြစ်ရိုး
မုချမှန် ဗုဒ္ဓထံ ချဉ်းကပ်မှု ရှေးရှုပြုမျိုး။

၁၇၄၉။ ဘုရားထံသို့လာတဲ့အခါ ရထားမှာဆင်'က'ပါလို့ တွေ့ရလေရိုး
သုတရှင် ခုကပင် မှတ်ကာထားကွယ် လေးစားဖွယ်မျိုး။

၁၇၅၀။ ဆင်ပေါ်ကိုတဲ့မြင်သောခါ ရှေးပုညာအောက်မေ့ပါလို့
ကောင်းပေ့စိတ်တိုး
ဆက်လုပ်ပြီ လက်အုပ်ချီ အစည်းအဝေးသွားတယ် အများတွေ့ရိုး

၁၇၅၁။ (၇)နှစ်တဲ့အရွယ်မှာ သမဏောငါပြုပါလို့ ကောင်းမှုမြတ်နိုး
သာမှန်စွာ အာနန္ဒာ အလုပ်အကျွေး ကြုမွေးနေမျိုး။

၁၇၅၂။ ပညာကရှိတာ နောက်တဖြာလုံ့လရှိပါလို့ မုနိဖြစ်ရိုး
အသိသာ သတိပါ အကြားအမြင်ရှိတယ် ကာဝိမိန့်မျိုး။

၁၇၅၃။ တန်ခိုးတဲ့အာနုဘော် အရှင်နော်တကယ်ကြီးပါလို့ ဟုနည်းမှတ်ရိုး
သွင်းသိပ်ပို မင်းစိတ်ကို ကြည်လင်မှု ရှေ့ရှုဆောင်မျိုး။

၁၇၅၄။ အာနန္ဒာ၏မြတ်ခမ္မာ နာကြားကာသဒ္ဓါတိုးပါလို့ ကံမိုးရွာရိုး
သာကြည်စွာ ငါတည်တာ အရဟတ္တဖလ မှတ်ကြလေမျိုး။

၁၇၅၅။ ပခုံးတဖက်လက်ဝဲပေါ် သင်္ကန်းနော်တင်ပါလို့ အမြင်သာရိုး
ဆက်လုပ်ပြီ လက်အုပ်ချီ ဤစကား လျှောက်ထားလေမျိုး။

၁၇၅၆။ ကြောင်ပန်းပွင့်ကိုယူကာ မြတ်ဗုဒ္ဓါပူဇော်ပါလို့ သူတော်ဖြစ်ရိုး
မှတ်လေပါ မြတ်နေရာ တင်လှူထားတယ် လေးစားဖွယ်မျိုး။

၁၇၅၇။ ဗုဒ္ဓတဲ့မြတ်စွာ ကျွန်ုပ်မှာနိဗ္ဗာန်ရောက်ပါလို့ အကောက်လွတ်ရိုး
စိုပြည်လာ ရိုသေစွာ လျှောက်ကာပြတယ် အားရဖွယ်မျိုး။



၅၈။ ကမ္ဘာနှစ်သောင်းငါးထောင်အထက်မှာ သက်တမ်းဟာအဖွဲ့အပြ
ပါလို့ မှတ်ကြလေရိုး
အချိုးသာ တမျိုးမှာ နိရဗ္ဗုဒ တဝတွေ့မျိုး။

၅၉။ လူတို့ကိုအစိုးရကာ မင်းစကြာရှစ်ရှစ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
အမှူးတင် အထူးပင် အမှန်သိကွယ် ကဝိမြတ်နိုး။

၆၀။ ကြောင်ပန်းပွင့်ဖြင့်ပူဇော်တာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၆၁။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြုပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၆၂။ နိဂ္ဂုဏ္ဏတဲ့ပုပ္ဖိယာ တွေ့ရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
စွမ်းမှုသာ ပန်းလှူတာ ကြောင်ပန်းပွင့် အဆင့်မြင့်မျိုး။

www.burmeseclassic.com



# သုမနာဝေဠုံယတ္တေရ အပဒါန

## ထုတ်ပြစကေရီး ကြိုးချီး

၁၇၆၃။ လောကဧ်အကြီးအမှူးဟာ နောက်တဖြာတာဒိပြပါလို့ မှတ်ကြ
လေရိုး
တွေ့ကြုံလာ ပြည့်စုံတာ ဝေဿဘူဘုရား ထင်ရှားလေမျိုး။

၁၇၆၄။ လူ့အပေါင်းတို့စည်းဝေးကာ မြတ်ဗုဒ္ဓါပူဇော်ပါလို့ ထင်ပေါ်နေမျိုး
တွေ့ပျော်လာ ရွှေ့တော်မှာ ပန်းလှူခဲ့တယ် တလှည့်မှတ်မျိုး။

၁၇၆၅။ မြတ်လေးပန်းလို့အမည်လာ နောက်တဖြာဦးဆောက်ပန်းပြပါလို့
မှတ်ကြလေရိုး
မှူယုတ်ကွာ ပြုလုပ်ခါ ပန်းလှူဒါန်းတယ် အေးချမ်းနေမျိုး။

၁၇၆၆။ လူခပ်သိမ်းတို့ရောက်ခါလာ ပန်းကိုသာရှုကြည့်ပါလို့ ပီတိဖြစ်မျိုး
တကယ်မှ အဘယ်သူ ပန်းလှူဒါန်းတယ် မေးခန်းပေါ်မျိုး။

၁၇၆၇။ ငါ၏စိတ်လည်းကြည်လင်လာ နတ်တို့ရွာဝင်ရပါလို့ မှတ်ကြလေမျိုး
ယုံတလီ ဘုံအမည် နိမ္မာနရတိ မည်ရှိလေမျိုး။

၁၇၆၈။ လူနတ်အဖြစ်သို့ရောက်ကာလာ နတ်ဒေဝါလူတွေချစ်ပါလို့
အပြစ်လွတ်မျိုး
မှန်တိုးဆို ကံကျိုးကို ခံစားရတယ် ဘဝတန်ဖိုး။



၁၇၆၉။ ကိုယ် နှုတ်တဲ့စိတ်မှာ ရသေ့သာဖြစ်ပါလို့ အစစ်မှတ်ရိုး
အချိုးသာ တမျိုးမှာ သမဏ တွေ့ရလေမျိုး။

၁၇၇၀။ ဆဲရေးမှုကိုပြုဖူးတာ မသိတာအမှန်ပဲပေမို့ မလွဲမှတ်ရိုး
ပြုရန်သာ ငါ့ကံဟာ တွေးသာကြည့် ကဝိမြတ်နိုး။

၁၇၇၁။ မဆဲရေးခြင်း၏အကျိုးဟာ ငါလှူတာပန်းဖြစ်ပါလို့ အစစ်မှတ်ရိုး
မှူသစ်ရှာ လူဖြစ်လာ လွန်ယဉ်ကျေးတယ် အတွေးသာမျိုး။

၁၇၇၂။ (၁၁)ကမ္ဘာအထက်မှာ ရတနာသတ္တပြပါလို့ မှတ်ကြလေရိုး
တွေ့ကြုံလာ ပြည့်စုံတာ ဗိုလ်ပါများ ထင်ရှားနေမျိုး။

၁၇၇၃။ သဟဿာရသညာ မင်းစကြာငါဖြစ်ပါလို့ အစစ်မြတ်နိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။

၁၇၇၄။ မြတ်လေးပန်းတဲ့ပုပ္ဖာ နောက်တဖြာဦးဆောက်ပန်းပြပါလို့
ဒိန္နပြုရိုး
ကံရှိလာ သမ္ဗိဒါ လေးပါးရတယ် ဘဝမြတ်မျိုး။

၁၇၇၅။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၇၇၆။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၇၇၇။ သုမနာတဲ့ဝေဠုံယာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
အချိုးသာ နှစ်မျိုးမှာ အမည်လှတယ် ပုပ္ဖတွေ့မျိုး။

www.burmeseclassic.com



# ပုပ္ဖစ္ဆတ္တိယတ္ထေရ အပဒါန

## ထေ၁ါပြီလေရိုး ကြော်ချိုး

၁၇၇၈။ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံ နောက်တဖုံတာဒီပြပါလို့ မှတ်ကြ လေရိုး
ပြောကြတာ လောကမှာ အကြီးအမှူး ဂုဏ်ထူးရှိမျိုး။
၁၇၇၉။ သစ္စာတဲ့လေးဖြာ မြတ်ဓမ္မာထင်ရှားပြပါလို့ တွေ့ရလေရိုး
မှတ်တဖြာ သတ္တဝါ ငြိမ်းအေးမှု ရှေးရှုပြုမျိုး။
၁၇၈၀။ သိဒ္ဓတ္ထတဲ့မြတ်စွာ နှလုံးမှာမွေ့လျော်ပါလို့ ထင်ပေါ်လိုရိုး
နည်းတဖြာ ထီးပမာ ပန်းကိုပြုတယ် လှူမှုမြတ်နိုး။
၁၇၈၁။ သာဝကတဲ့ရဟန်းလယ် လွန်တင့်တယ်ရပ်တည်ပါလို့ တလီမှတ်ရိုး
ကြည်ကာလာ ဉာဏ်ဂါထာ ဟောကာပြတယ် ဗုဒ္ဓဖြစ်မျိုး။
၁၇၈၂။ အကြွင်သူ၏စိတ်ဟာ ကြည်လင်ကာပန်းထီးဆောင်းပါလို့ အကောင်းပြုရိုး
တဝလို ဘဝဆို အဆိုးကင်းတယ် သန့်ရှင်းနေမျိုး။
၁၇၈၃။ ပရိသတ်ကိုပြန်လွှတ်ကာ မြတ်ဗုဒ္ဓါကောင်းကင်ကြွပါလို့ တွေ့ရ လေရိုး
နည်းယူပါ ထီးဖြူဟာ ရှေ့ကသွားတယ် ထင်ရှားလေမျိုး။
၁၇၈၄။ (၉၄)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရိုး
ပူခန်းကွာ လှူဒါန်းတာ ဆတ္တပြတယ် တဝဆိုမျိုး။



၁၇၈၅။ (၇၄)ကမ္ဘာအထက်မှာ ရတနာသတ္တပြပါလို့ မှတ်ကြလေရိုး
တွေ့ကြုံလာ ပြည့်စုံတာ ဗိုလ်ပါများ ထင်ရှားနေမျိုး။
၁၇၈၆။ ဇလသိခသညာ မင်းစကြာရှစ်ကြိမ်ဖြစ်ပါလို့ အစစ်မြတ်နိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။
၁၇၈၇။ ပန်းကိုတဲ့ထီးပမာ လှူရတာအံ့ဖွယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။
၁၇၈၈။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၇၈၉။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၇၉၀။ ပုပ္ဖစ္ဆတ္တိယပေါ်လာ ထွေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
မုချလို ပုပ္ဖဆို ပန်းဒါန အားရဖွယ်မျိုး။
၁၇၉၁။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။
၁၇၉၂။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေရိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



# သပရိဝါရဆတ္တ ဒါယကတ္ထေရ အပဒါန

## ထုတ်ပြပေရိုး ပြီးချိုး

၁၇၉၃။ လောကသုံးပါးကိုသိတာ နောက်တဖြာအလှူခံထိုက်ပါလို့ နှစ်ခြိုက်ကြရိုး
မှည့်ခေါ်လာ ဘွဲ့တော်မှာ ပဒုမုတ္တရ မှတ်ကြလေမျိုး။
၁၇၉၄။ ကောင်းကင်မှမိုးရွာသလို ဓမ္မကိုရွာချပါလို့ နာရလေရိုး
မှတ်လေပါ မြတ်ခေမာ ဟောကာပြတယ် ဖူးရမြတ်နိုး။
၁၇၉၅။ မိမိစိတ်ကိုကြည်လင်စေ အိမ်ကိုလေပြန်သွားပါလို့ လေးစားနေရိုး
သုတာရှင် ခုကပင် ကြံကာကြည့်ကွယ် ပီတိဖြစ်မျိုး။
၁၇၉၆။ ထီးကိုတဲ့တန်ဆာဆင် ကောင်းကင်တွင်မြှောက်လှူပါလို့ တမူသာရိုး
အများမြင် ဘုရားရှင် ထိပ်ထက် တည်လျက်နေမျိုး။
၁၇၉၇။ ရဟန်းသံဃာအလယ်၌ထိုင်ကာ ဤဂါထာဟောကာပြပါလို့ မှတ်ကြလေရိုး
နည်းယူပါ ထီးလှူတာ ဒုဂ္ဂတိကင်းတယ် သန့်ရှင်းနေမျိုး။
၁၇၉၈။ နတ်တို့၌နတ်မင်းဖြစ်တာ အကြိမ်မှာသတ္တာပြပါလို့ မှတ်ကြလေရိုး
ဝင်းလက်ဖြာ မင်းစကြာ ၃၂ အစစ်ဖြစ်မျိုး။
၁၇၉၉။ ကမ္ဘာတစ်သိန်းအထက်မှာ မင်းမျိုးဟာဩက္ကာကဖြစ်ပါလို့ အစစ်မှတ်ရိုး
တလီလာ အမည်မှာ ဂေါတမ ပွင့်ရလေမျိုး။
၁၈၀၀။ ဂေါတမ၏တရားအမွေခံ သေချာမှန်ဖြစ်ပါလို့ အစစ်မှတ်ရိုး
လုစ်ဟခါ ဖြစ်ရမှာ ခီဏာသဝ ပြောပြလေမျိုး။



၁၈၀၁။ အာသဝတဲ့မွေ့မှာ ပိုင်းခြားကာသိပြီးပါလို့ ထွတ်ထိးရောက်ရိုး
အသိသာ ပရိမှာ နိဗ္ဗာန စံရလေမျိုး။
၁၈၀၂။ မြတ်ဘုရား၏စကားသံ ငါအမှန်ကြားပါလို့ စိတ်ကားရွှင်ရိုး
အမွန်တင် အလွန်ပင် ကျေနပ်ခဲ့တယ် တလှည့်မှတ်မျိုး။
၁၈၀၃။ လူ့ဘဝကိုစွန့်ကာ နတ်ပြည်မှာနတ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
သိပ်ဟန်သာ ဗိမာန်မှာ စွင့်စွင့်တက်တယ် အထက်မြင့်မျိုး။
၁၈၀၄။ ဗိမာန်မှထွက်သောခါ ငါ့ကိုသာထီးဆောင်းပါလို့ အပေါင်းမှတ်ရိုး
နည်းယူကာ ထီးလှူတာ အောက်မေ့မိတယ် ပီတိဖြစ်မျိုး။
၁၈၀၅။ နတ်ပြည်မှစုတေကာ လူ့ပြည်ရွာရောက်ပါလို့ ဝမ်းမြောက်နေရိုး
ဝင်းလက်ဖြာ မင်းစကြာ သုံးခြောက်ဖြစ်တယ် အစစ်မြတ်နိုး။
၁၈၀၆။ ထိုကိုယ်မှစုတေကာ ဝတီသာရောက်ပါလို့ ကံတောက်ခဲ့ရိုး
ရွှင်ကြည်စွာ ကျင်လည်ကာ လူ့ပြည်သို့ ပြန်လို့ရောက်မျိုး။
၁၈၀၇။ အမိဝမ်းသို့သက်ဝင်ကာ ငါ့ကိုသာထီးဖြူဆောင်းပါလို့ အပေါင်းမှတ်ရိုး
တကယ်လာ အရွယ်မှာ (၇)နှစ် ရဟန်းဖြစ်မျိုး။
၁၈၀၈။ ဗေဒင်တဲ့ပါရဂူ အမည်မူသုနန္ဒဖြစ်ပါလို့ အစစ်မှတ်ရိုး
အချိုးသာ အမျိုးမှာ ပုဏ္ဏားဘဝ ဖြစ်ရလေမျိုး။
၁၈၀၉။ ထီးကိုတဲ့ယူကာ ပုဏ္ဏားပေးလှူပါလို့ တမူလာရိုး
အခုလို အနုဆို မောဒနာပြုတယ် ကောင်းမှုမြတ်နိုး။
၁၈၁၀။ လက်အုပ်ကိုတဲ့ချီကာ စိတ်ထဲမှာကြည်လင်ပါလို့ အစဉ်သာရိုး
အကျင့်သာ အဆင့်မှာ အရဟတ္တဖလ ရောက်ရလေမျိုး။
၁၈၁၁။ ထိုနေရာမှထကာ မြတ်ဗုဒ္ဓါလက်အုပ်ချီပါလို့ တလီမှတ်ရိုး
ကြည်သာစွာ ဤဂါထာ လျှောက်ကာထားတယ် လေးစားနေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၈၁၂။ ဤကမ္ဘာမှစကာ ကမ္ဘာမှာတစ်သိန်းထက်ဖြစ်ပါလို့ အစစ်မှတ်ရိုး
မှည့်ခေါ်လာ ဘွဲ့တော်မှာ ပဒုမုတ္တရ လောပွင့်မျိုး။
၁၈၁၃။ ထီးကိုတဲ့တန်ဆာဆင် ဘုရားရှင်လှူဒါန်းပါလို့ အစွမ်းထက်ရိုး
မှန်မူလာ ခံယူတဲ့ မြတ်ဘုရား ထင်ရှားလေမျိုး။
၁၈၁၄။ ဗုဒ္ဓတဲ့မြတ်စွာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
မှန်ပြလာ ဓမ္မဟာ အံ့ဖွယ်ကောင်းတယ် အပေါင်းမှတ်မျိုး။
၁၈၁၅။ ထီးတစ်လက်ကိုတဲ့ပေးလှူ ကမ္ဘာမူတစ်သိန်းပြပါလို့ မှတ်ကြလေရိုး
အသိချာ ဂတိမှာ ဒုဂ္ဂတိ ကင်းဘိလေမျိုး။
၁၈၁၆။ အာသဝတဲ့ကင်းကွာ ရဟန္တာဖြစ်နေပါလို့ တထွေမှတ်ရိုး
ခယဆို ဘဝကို ပယ်နုတ်ပြီးတယ် မငြီးရမျိုး။
၁၈၁၇။ ထီးတစ်လက်ကိုလှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရိုး
ကံရှိလာ သမ္ဗိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။
၁၈၁၈။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၈၁၉။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။
၁၈၂၀။ သပရိဝါရ ဆတ္တဒါယကာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်
မှတ်ရိုး
အလင်းလာ အရင်းဟာ ဆတ္တဒါန အားရဖွယ်မျိုး။
၁၈၂၁။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။



# ဂန္ဓောဒကဝဂ်

## ဂန္ဓထူပိယတ္ထေရ အပဒါန

## ထုတ်ပြလေရိုး ကြိုးချီး

၂၂။ သိဒ္ဓတ္ထတဲ့မြတ်စွာ ဖုံးလွှမ်းတာမုလေးပန်းဖြစ်ပါလို့ အစစ်မှတ်ရိုး
မူမှာသာ လှူတာဟာ နံ့သာအခိုး ကောင်းကျိုးရရိုး။
၂၃။ ရွှေစင်နှင့်တူတာ သတ္တဝါနိဗ္ဗာန်ပို့ပါလို့ မချို့မှတ်ရိုး
ဆက်ဖြန့်ဆို သက်တန့်လို အလွန်လင်းတယ် ပဝင်းနေမျိုး။
၂၄။ ရဟန်းအပေါင်းတဲ့ခြံရံကာ မြတ်ဗုဒ္ဓါနေပါလို့ တထွေမှတ်ရိုး
အမှူးတင် အထူးပင် ဖူးမြင်ရတယ် ကံကမြင့်မျိုး။
၂၅။ လက်အုပ်ကိုတဲ့ချီကာ ခြေပါဒါရှိခိုးပါလို့ အမျိုးမြတ်ရိုး
အမှတ်ပို အရပ်ဆို မြှောက်ဖက်ထွက်တယ် တချက်ဆိုမျိုး။
၂၆။ (၉၄)ကမ္ဘာအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရိုး
အသိသာ ဂတိမှာ လူနတ်ပြတယ် သုခတွေ့မျိုး။
၂၇။ နံ့သာကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၈၂၈။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာချောက်ပါးပြပါလို့ မှတ်ကြလေရှိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၈၂၉။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၈၃၀။ ဂန္ထတဲ့မူပိယာ တွေ့ရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
စိတ်ချဆို မိတ္တကို ကလျာဏ တွေ့ရလေမျိုး။



# ဥဒက ပူဇကတ္ထေရ အပဒါန

## ထုတ်ပြလေကြိုး ကြိုးချိုး

၁၈၃၁။ ထောပတ်မီးစာပမာ တောက်ပတာတွေ့ရပါလို့ မှတ်ကြလေရှိုး
နည်းမှာပို မီးစာလို တဖြာပြတယ် ဗုဒ္ဓဖြစ်မျိုး။

၁၈၃၂။ ကောင်းကင်၌ကြွသွားတာ နောက်တဖြာတွေ့ပါလို့ မမေ့နိုင်ရိုး
မရွှင်းလာ အဆင်းမှာ ရွှေလိုလှတယ် ဖူးရလေမျိုး။

၁၈၃၃။ ရေကိုတဲ့လက်ဖြင့်ယူ ကောင်းကင်မူကြဖြန့်ပါလို့ သင်းပျံ့နေရှိုး
မူဖော်ယုံ ပူဇော်ပုံ တဖြာပြတယ် လောကတန်ဖိုး။

၁၈၃၄။ ဘုရားရှင်ကအလှူခံ တွေ့ရပြန်ကျေနပ်ပါလို့ အမြတ်ရရိုး
ကြည်သာလာ ဣဂါထာ ဟောကာပြတယ် နာရလေမျိုး။

၁၈၃၅။ ရေအလှူကိုလှူရတာ ကမ္ဘာမှာတစ်သိန်းပြပါလို့ မှတ်ကြလေရှိုး
အသိချာ ဂတိမှာ ဒုဂ္ဂတိ ကင်းဘိလေမျိုး။

၁၈၃၆။ ဥဒကတဲ့ဒါနာ ရွေ့ရှားတာမရှိပါလို့ အသိသာရိုး
မှတ်လေပါ မြတ်ခေမာ နိဗ္ဗာန ဝင်ရလိုမျိုး။

၁၈၃၇။ (၆၅)ကမ္ဘာအထက်မှာ မနုဿာအစိုးရပါလို့ တဝဆိုရိုး
ဝင်းလက်ဖြာ မင်းစကြာသုံးကြိမ်ဖြစ်တယ် အစစ်မြတ်ရိုး။

၁၈၃၈။ သဟာဿရာဇသညာ အမည်မှာပေါ်လွင်ပါလို့ အစဉ်လှရှိုး
မှန်ပြလာ အန္တဟာ သမုဒ္ဒရာလေး မနေးမှတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၈၃၉။ ရေအလှူကဲဥဒကာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
ကံရှိလာ သမ္ပိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၈၄၀။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွှတ်မျိုး။

၁၈၄၁။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၈၄၂။ ဥဒကတဲ့ပူဇကာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
အမှုတင် အထူးပင် ရေလှူဒါန်းတယ် အေးချမ်းနေမျိုး။

၁၈၄၃။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။

၁၈၄၄။ ဥဒကပူဇကမဟာထေရ် ဂါထာတွေဟောတာပြပါလို့ မှတ်ကြ
လေရိုး
အသိသာ ဂတိမှာ နတ်ပြည်ရောက်မယ် ဝမ်းမြောက်နေမျိုး။

၁၈၄၅။ ရေလှူတဲ့အကျိုးဟာ သချင်္ချာမှာဆယ်မျိုးပြပါလို့ မှတ်ကြလေရိုး
အရသာ ဘဝမှာ ဆာလောင်ကင်းတယ် သန့်ရှင်းနေမျိုး။



# ပုန္နာဂပုပ္ဖိယတ္ထေရ အပဒါန

## ထုတ်ပြလေးချိုး ဗြော်ချိုး

၁၈၄၆။ ငှက်တို့တဲ့တွန်မြူးရာ တောဝနာမှဆိုးဖြစ်ပါလို့ အစစ်မှတ်ရိုး
ပြုံးလျက်မြင် ပုန်းညက်ပင် အပွင့်တွေ့တယ် ချမ်းမြေ့နေမျိုး။

၁၈၄၇။ ပုန်းညက်ပွင့်ကိုတွေ့သောခါ မြတ်ဗုဒ္ဓါအောက်မေ့ပါလို့ မမေ့နိုင်ရိုး
ညီသုံးကာ သီကုံးတာ ပုန်းညက်ပွင့် အဆင့်မြင့်မျိုး။

၁၈၄၈။ သဲပုံစေတီပြုလုပ်ကာ ဘုရားမှာပန်းလှူပါလို့ တမူသာရိုး
အမှုတင် အထူးပင် မှတ်ကာထားကွယ် လေးစားဖွယ်မျိုး။

၁၈၄၉။ (၉၂)ကမ္ဘာအထက်မှာ ငါလှူတာပန်းဖြစ်ပါလို့ အစစ်မှတ်ရိုး
တွေ့ကြုံလာ ပြည့်စုံတာ ဗိုလ်ပါများ ထင်ရှားလေမျိုး။

၁၈၅၀။ တမောနုဒသညာ မင်းစကြာတစ်ကြိမ်ဖြစ်ပါလို့ အစစ်မြတ်နိုး
အချုပ်လာ မနုဿာ အစိုးရတယ် မှတ်ကြလေမျိုး။

၁၈၅၁။ ပန်းကိုတဲ့ဘုရားလှူ အလွန်မူသဒ္ဓါထက်ပါလို့ တသက်မှတ်ရိုး
ကံရှိလာ သမ္ပဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၈၅၂။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွှတ်မျိုး။

၁၈၅၃။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်တွယ် သင်သိလေမျိုး။

၁၈၅၄။ ပုန္နာဂတဲ့ပုပ္ဖိယာ တွေ့ရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
စွမ်းမှုသာ ပန်းလှူတာ တသက်လုံး အပြုံးတွေ့မျိုး။

www.burmeseclassic.com

www.burmeseclassic.com



# ကေဒုသဓါယကတ္ထေရ အပဒါန

## ထုဘ်ပြလေကျိုး ကြိုးချိုး

၁၈၅၅။ ဟံသာဝတီတဲ့မြို့မှာ အလုပ်ဟာမြက်ထမ်းသမားဖြစ်ပါလို့ အစစ်ဆိုရိုး
ဟုတ်ရေးသာ လုပ်ကျွေးတာ သားမယား မှတ်ထားလေမျိုး။

၁၈၅၆။ ကိလေသာတဲ့အမိုက်တိုက်ကို ဖျက်ဆီးလိုအောင်မြင်ပါလို့ အစဉ်သာရိုး
ကြည့်သင့်လာ သိမြင်တာ တရားအားလုံး အဆုံးသိမျိုး။

၁၈၅၇။ ပဒုမုတ္တရတဲ့မြတ်စွာ မနုဿာရှေ့သွားဖြစ်ပါလို့ အစစ်မှတ်ရိုး
ဆင့်မှာသာ ပွင့်လာတာ အမှန်တွေ့မယ် ချမ်းမြေ့နေမျိုး။

၁၈၅၈။ မိမိအိမ်၌နေကာ ငါ့စိတ်မှာအကြံဖြစ်ပါလို့ အစစ်မှတ်ရိုး
အများမြင် ဘုရားရှင် ပွင့်လာရတယ် ပြောပြလေမျိုး။

၁၈၅၉။ လှူဖွယ်ဝတ္ထုငါ့ထံမှာ မရှိတာအမှန်ဖြစ်ပါလို့ စိတ်ညစ်နေရိုး
တကယ်ရှာ တထည်သာ ပုဆိုးရှိတယ် ငါ့ကြည့်သိမျိုး။

၁၈၆၀။ တထည်သောပုဆိုးကို ငါလှူလိုအကြံဖြစ်ပါလို့ အစစ်မြတ်နိုး
အများမြင် ဘုရားရှင် တထည်ပုဆိုး လှူရှိုးပြုမျိုး။

၁၈၆၁။ ဗုဒ္ဓတဲ့မြတ်စွာ အရှင်ဟာဘုရားဖြစ်ပါလို့ အစစ်မှန်ရိုး
အသိဖျော် တပည့်တော် ကယ်ပါဘုရား လျှောက်ထားလေမျိုး။



၁၈၆၂။ ပဒုမုတ္တရတဲ့မြတ်စွာ ငါလှူတာချီးကျူးပါလို့ အထူးမှတ်ရိုး
အခုလို အနုဆို မောဒနာတရား ဟောကြားလေမျိုး။

၁၈၆၃။ ပုဆိုးတထည်ကိုတဲ့သင်လှူ အပါယ်မှုမကျပါလို့ တဝမိန့်ရိုး
အသိသာ ဂတိမှာ လူနတ်ဖြစ်တယ် အစစ်မှတ်မျိုး။

၁၈၆၄။ သုံးဆယ်ကခြောက်သာ အဆင့်မှာသိကြားဖြစ်ပါလို့ အစစ်မှတ်ရိုး
ဝင်းလက်ဖြာ မင်းစကြာ(၃၃) အပြုံးတွေ့မျိုး။

၁၈၆၅။ ပဒေသရာဇ်တဲ့ရာဇာ သချ်ာမှာရေမရပါလို့ မှတ်ကြလေရိုး
သုတရှင် ခုကပင် ထူးတာတွေ့မယ် ယနေ့ဆိုမျိုး။

၁၈၆၆။ လှပြည်နှင့်နတ်ပြည် ဖြစ်ပါစေအဆင်းလှမှာမို့ ဂုဏ်ကသာရိုး
အကျိုးမည် ပုဆိုးသည် လိုသလောက်ရမယ် မှတ်ကြလေမျိုး။

၁၈၆၇။ ဤစကားကိုတဲ့မိန့်ပြီးကာ မြတ်ဗုဒ္ဓါကောင်းကင်ကြွပါလို့ တွေ့ရလေမျိုး
လင်းမှာပို ဟင်္သာလို ပျံကာတက်တယ် တသက်မှတ်မျိုး။

၁၈၆၈။ ငါပိုင်တဲ့စည်းစိမ်ဟာ ယုတ်လျော့တာမရှိပါလို့ ကဝိမိန့်ရိုး
မူရိုးသာ လှူကျိုးဟာ ပုဆိုးပြုတယ် တွေ့ရလေမျိုး။

၁၈၆၉။ ခြေလှမ်းတိုင်းလှမ်းတိုင်းမှာ ပုဆိုးဟာတထည်ဖြစ်ပါလို့ အစစ်အံ့ရိုး
အဆက်ရှာ အထက်မှာ အမိုးရှိတယ် ပီတိဖြစ်မျိုး။

၁၈၇၀။ ဘဝကြီးငယ်၌ကျင်လည်ကာ အဆင်းမှာရွှေလိုလှပါလို့ မှတ်ကြလေမျိုး
အသုံးဖြာ အဆုံးဟာ ဤဘဝ တွေ့ရလေမျိုး။

၁၈၇၁။ ကမ္ဘာတစ်သိန်းအထက်မှာ ငါလှူတာပုဆိုးဖြစ်ပါလို့ အစစ်မှတ်ရိုး
ကယ်ပေးယုံ ပါယ်လေးဘုံ သံမကြားတယ် ထူးခြားနေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၈၇၂။ ပုဆိုးကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရှိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၈၇၃။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၈၇၄။ ကေဒုသာဒါယကာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရှိုး
အကျိုးလို ပုဆိုးကို တထည်ပြုတယ် ဒါနပြုမျိုး။

၁၈၇၅။ ကေဒုသာဒါယကမဟာထေရ် ဂါထာတွေဟောကာပြပါလို့
မှတ်ကြလေရှိုး
သန္တိမြင် ဉာဏ်ရှိလျှင် ပါရမီပြည့်မယ် ချမ်းမြေ့နေမျိုး။



# ဖုသိတကမ္မိယတ္ထေရ အပဒါန

## ထောက်ပြလေကျိုး ၁၁ ချိုး

၁၈၇၆။ လောကဦ၏အကြီးအမှူးဟာ ဘုရားမှာပဒုမုတ္တရဖြစ်ပါလို့ အစစ်
မှတ်ရှိုး
ခြေမှာသာ နေတာဟာ သံဃအရံကွဲ့ တလှည့်ဆိုမျိုး။

၁၈၇၇။ ရဟန္တာတို့နှင့်အတူ ဘုရားမှူသီတင်းသုံးပါလို့ အပြုံးတွေ့ရှိုး
အမှူးတင် အထူးပင် မှတ်ကာထားကွယ် လေးစားဖွယ်မျိုး။

၁၈၇၈။ အရံတံခါးမှထွက်ကာ ရဟန္တာတစ်သိန်းပြပါလို့ မှတ်ကြလေရှိုး
မြတ်ကြည်သာ ရပ်တည်တာ အတူတကွ တွေ့ရလေမျိုး။

၁၈၇၉။ သစ်နက်ရေကိုဝတ်ကာ နောက်တဖြာလျော်တေဆောင်ပါလို့
အရောင်တောက်ရှိုး
တရားမှန် ဘုရားထံ ချဉ်းကပ်ခဲ့တယ် တလှည့်မှတ်မျိုး။

၁၈၈၀။ ချဉ်းကပ်တဲ့အခါ ပန်းနံ့သာယူပါလို့ တမူသာရှိုး
ဆက်လုပ်ပြီ လက်အုပ်ချီ သွန်းကားဖျန်းတယ် အေးချမ်းနေမျိုး။

၁၈၈၁။ ပဒုမုတ္တရတဲ့မြတ်စွာ ငါ့ကိုသာချီးကျူးပါလို့ အထူးမိန့်ရှိုး
အများမြင် ဘုရားရှင် လိုရာကြွတယ် တွေ့ရလေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၈၈၂။ နံ့သာရေပေါက်သချာ ငါးထောင်သာရှိပါလို့ ကဝိမိန့်ရိုး
သုတရှာ ခုကသာ မှတ်ကာထားကွယ် လေးစားဖွယ်မျိုး။

၁၈၈၃။ နှစ်ထောင်နှင့်ငါးရာ နောက်တဖြာနံ့သာပြပါလို့ တွေ့ရလေမျိုး
စဉ်လာမူ သချာတူ နတ်မင်းဖြစ်တယ် အစစ်မှတ်မျိုး။

၁၈၈၄။ စကြာဝတေးမင်းက(၂၅၀၀)အကြိမ်မှာ အမှန်ဖြစ်ပါလို့ အစစ်
မြွတ်နိုး
သင်းမှန်လာ ကြွင်းကံဟာ အရဟတ္တဖလ ရောက်ရလေမျိုး။

၁၈၈၅။ နတ်မင်းနှင့်လူမင်းဟာ ဖြစ်တဲ့ခါဖုသိတမည်ပါလို့ တလီမှတ်မျိုး
သုတရှာ ခုကသာ သိအောင်ပြုကွယ် အောင်ဆုရမျိုး။

၁၈၈၆။ နတ်နှင့်လူဖြစ်တဲ့အခါ ဝန်းကျင်မှာတလံပြပါလို့ မှတ်ကြလေမျိုး
လာရွှန်းဖြာ ရှာသွန်းတာ နံ့သာမျိုး ကံကျိုးတွေ့မျိုး။

၁၈၈၇။ စန္ဒကူးတဲ့အနံ့ဟာ ငါ့ကိုယ်မှာလှိုင်နေပါလို့ တထွေမှတ်ရိုး
ကြိုင်ဝေဖြာ လှိုင်နေတာ တကောသခွဲ မလွဲဆိုမျိုး။

၁၈၈၈။ ဘဝကိုတဲ့ခွာပစ်ကာ ကိလေသာရှို့မြိုက်ပါလို့ အကြိုက်ပြုမျိုး
မှတ်လေပါ ကပ်နေတာ အာသဝ ကင်းပလေမျိုး။

၁၈၈၉။ ဖုသိတတဲ့နတ်သားဟာ ကြိုင်လှိုင်တာနတ်ရနံ့ဖြစ်ပါလို့ အစဉ်
မှတ်ရိုး
ထောက်ရှုကာ ရောက်လာတာ အနီးအရပ် မပြတ်တွေ့မျိုး။

၁၈၉၀။ သစ်ခက်သစ်ရွက်အမည်ခံ ငါ့စိတ်ကြံအမှန်သိပါလို့ ပီတိဖြစ်မျိုး
တဝလာ ခဏမှာ အနံ့သင်းတယ် တခင်းမှတ်မျိုး။

၁၈၉၁။ ကမ္ဘာတစ်သိန်းအထက်မှာ ပူဇော်တာစန္ဒကူးဖြစ်ပါလို့ အစစ်မှတ်မျိုး
ကယ်ပေးယုံ ပါယ်လေးဘုံ အမှန်လွတ်တယ် မချွတ်ဆိုမျိုး။



၁၈၉၂။ စန္ဒကူးတိုတဲ့လှူရတာ အံ့ဖွယ်ရာတတယ်ဖြစ်ပါလို့ အစစ်မှတ်မျိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၈၉၃။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေမျိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၈၉၄။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၈၉၅။ ဖုသိတတဲ့ကမ္ပိယာ ထွေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရိုး
မူမှာသာ လှူတာဟာ စန္ဒကူး ကြည်နူးနေမျိုး။

၁၈၉၆။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။

www.burmeseclassic.com

www.burmeseclassic.com



# ပဘင်္ကရတ္ထေရ အပဒါန

## ထုဗ္ဗောပြဗ္ဗေပေကိုး ဘြိုချိုး

၁၈၉၇။ လောက၏အကြီးအမှူးသာ ပြည့်စုံတာတာဒိဖြစ်ပါလို့ အစစ်မှတ်ရှိ
မှည့်ခေါ်လာ ဘွဲ့တော်မှာ ပဒုမုတ္တရဘုရား ထင်ရှားလေမျိုး။

၁၈၉၈။ စေတီကိုတဲ့တည်ထားတာ တောဝနာသားရဲပြွမ်းပါလို့ တခန်း
မှတ်ရိုး
ထူးနေဘ်မှန် ဖူးမြော်ရန် မသွားရဲတယ် အမြဲဆိုမျိုး။

၁၈၉၉။ မြက်နွယ်တို့ဖြင့်မြေးယှက်ကာ စေတီမှာပျက်စီးပါလို့ တွေ့ပြီးနေ
နေမည်ပင် စေတီမြင် ရှင်းလိုလှတယ် မှတ်ကြလေမျိုး။

၁၉၀၀။ မြက်နွယ်ကိုတဲ့သုတ်သင်ကာ ရှိခိုးတာရှစ်ကြိမ်ဖြစ်ပါလို့ အခင်
မှတ်ရိုး
လင်းနည်းရှာ ရှင်းပြီးကာ နောက်ဆုတ်သွားတယ် လေးစား
မြတ်နိုး။

၁၉၀၁။ ကောင်းမှုကံကိုငါပြုတာ သေသောခါနတ်ပြည်ရောက်ပါလို့
ဝမ်းမြောက်မိရိုး
သိပ်ဟန်သာ ဗိမာန်မှာ ပြိုးပြိုးပြက်ပြက် ထွက်လျက်ရောင်မျိုး



၁၉၀၂။ ခြောက်ဆယ်တဲ့ယူဇနာ အမြင့်သာမှတ်ပါလို့ တရပ်ဆိုမှိုး
တကယ်လာ အကျယ်မှာ ယူဇနာပြမယ် တီသမှတ်မျိုး။

၁၉၀၃။ အကြိမ်ကသုံးရာ နတ်မင်းသာဖြစ်ပါလို့ အစစ်မှတ်ရိုး
ဝင်းလက်ဖြာ မင်းစကြာ နှစ်ငါး ဖြစ်ကားမှန်မျိုး။

၁၉၀၄။ ဘဝကြီးငယ်၌ကျင်လည်ကာ စည်းစိမ်မှာများစွာရပါလို့ မှတ်ကြ
လေရိုး
ဟုတ်အားသာ ယုတ်သွားတာ မတွေ့ရတယ် တဝဆိုမျိုး။

၁၉၀၅။ စေတီကိုတဲ့သုတ်သင်ကာ အကျိုးဟာအမှန်ထူးတာမို့ ကြည်နူး
နေရိုး
မလွဲမြင် အမြဲပင် သုခတွေ့တယ် ချမ်းမြေ့နေမျိုး။

၁၉၀၆။ ဆင်ကျောက်ကုန်းနှင့်ထမ်းစင် ငါသွားချင်အဆင်ပြေပါလို့
တထွေမှတ်ရိုး
ဆောမကြာ တောဝနာ ကိုးကွယ်ရာကွဲ့ တလှည့်ဆိုမျိုး။

၁၉၀၇။ သစ်ငုတ်နှင့်ဆူးများစွာ မျက်စိမှာမတွေ့ပါလို့ ယနေ့ဆိုရိုး
မြဲအားသာ ဖဲသွားတာ အလိုလိုဖြစ်တယ် အစစ်မှတ်မျိုး။

၁၉၀၈။ နူနာနှင့်အိုင်းအနာ နောက်တဖြာပွေးညှင်းပြေပါလို့ မှတ်ကြလေရိုး
ဆက်ထူးရှာ ဝက်ရူးနာ ခြေဖဝါးကွဲ မလွဲမှတ်မျိုး။

၁၉၀၉။ ဝဲနာနှင့်ယားနာ ငါ့ခန္ဓာမရှိပါလို့ ပီတိဖြစ်ရိုး
ပြောကာလာ ရောဂါမှာ အကုန်ကင်းတယ် ပဝင်းနေမျိုး။

၁၉၁၀။ စေတီကိုတဲ့သုတ်သင်တာ အကျိုးမှာသူငါသိစေဖို့ မချို့ဆိုရိုး
သုတရှင် ခုကပင် မှတ်ကာထားကွယ် ရွှေအားကတိုး။

၁၉၁၁။ ငါ၏ခန္ဓာကိုယ်တွင် အဖုပင်မပေါက်ပါလို့ ဝမ်းမြောက်နေရိုး
အသိသာ ဂတိမှာ လူနတ်ပြတယ် တွေ့ရလေမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၉၁၂။ ဖြစ်လေရာတဲ့ဘဝမှာ အဆင်းဟာရွှေလိုလှပါလို့ မှတ်ကြလေရိုး
အဆောင်သာ အရောင်ပါ တဖြာထွက်တယ် နှစ်သက်နေမျိုး။

၁၉၁၃။ မနှစ်သက်ဖွယ်တဲ့အရာ ကင်းရှင်းတာအမှန်တွေ့ပါလို့ မမေ့နိုင်ရိုး
ပြစ်ချက်ကွာ နှစ်သက်တာ တည်နေရမယ် တဝဆိုမျိုး။

၁၉၁၄။ အထူးစင်ကြယ်တဲ့စိတ်ဟာ ငါ့ထံမှာဖြစ်နေပါလို့ တထွေမှတ်ရိုး
အချိုးသာ တမျိုးမှာ တည်ကြည်လှတယ် တွေ့ရလေမျိုး။

၁၉၁၅။ တထိုင်တည်းဖြင့်နေကာ မင်္ဂချမ်းသာဖိုလ်ကိုရပါလို့ မှတ်ကြလေရိုး
ဆက်ဆိုလို မဂ်ဖိုလ်ဆိုထိပ်ဆုံး အပြုံးတွေ့မျိုး။

၁၉၁၆။ ကမ္ဘာတစ်သိန်းအထက်မှာ ပါယ်လေးရွာမကြုံပါလို့ တဖုံမှတ်ရိုး
အသိသာ ဂတိမှာ သုဂတိ မုန်မိန့်မျိုး။

၁၉၁၇။ အညစ်အကြေးကိုသုတ်သင်တာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့
အစစ်မှတ်ရိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၉၁၈။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၉၁၉။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေရိုး။

၁၉၂၀။ ပဘက်ရပေါ်လာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်ရိုး
ထက်ဝင်းလာ မြင်ရှင်းတာ သူငါတွေ့မယ် ချမ်းမြေ့နေမျိုး။

၁၉၂၁။ စာပေတဲ့အရသာ ခံစားလာအမိုက်ကင်းပါလို့ ပွင့်လင်းနေရိုး
ရှိန်မှာသာ လိမ်ညာတာ စိတ်မကူးတယ် အထူးမှတ်မျိုး။



# တိကာကုဋိဒါယကတ္ထေရ အပဒါန

## ဆုတော်ပြုပေကျိုး ကြီးချီး

၁၉၂၂။ ဗန္ဓုမတီမြို့မှာအလုပ်ဟာ အစေအပါးဖြစ်ပါလို့ အစစ်မှတ်ရိုး
မငြင်းလို ထမင်းကို သူ့တပါး မှီထားရမျိုး။

၁၉၂၃။ ဆိတ်ငြိမ်ရာသို့ကပ်ရောက်ကာ ထိုင်၍သာကြံမိပါလို့ အသိပေါ်ရိုး
အများမြင် ဘုရားရှင် ပွင့်လာရတယ် ပြောပြလေမျိုး။

၁၉၂၄။ ထိုအခါတဲ့ငါ့ထံမှာ ကောင်းမှုဟာမရှိပါလို့ ငါသိနေရိုး
ဘဝမှာ အရချာ ဆင်းရဲရတယ် မှတ်ကြလေမျိုး။

၁၉၂၅။ အလုပ်ရှင်ထံသို့ချဉ်းကပ်ကာ တရက်သာခွင့်တောင်းပါလို့
အကြောင်းပေါ်ရိုး
ဆောမကြာ တောဝနာ ငါဝင်ခဲ့တယ် တလှည့်မှတ်မျိုး။

၁၉၂၆။ မြက်ထင်းနှင့်နွယ်ကိုသာ ဆောင်ယူကာတာဝန်ထမ်းပါလို့
ရွှင်လန်းနေရိုး
ပိုင်လိုက်တာ တိုင်စိုက်ကာ ကျောင်းကိုဆောက်တယ် ဝမ်းမြောက်မိမျိုး။

www.burmeseclassic.com



၁၉၂၇။ မြက်မိုးတဲ့ကျောင်းလေးဟာ ကြည့်ရတာကြည်လင်ပါလို့ စိတ်ငြိ
လှုရှိုး
မှန်စွာဆို သံဃာကို အလှူပေးတယ် မနှေးပြုမျိုး။

၁၉၂၈။ ကျောင်းလှူပြီးတဲ့အခါ ပြန်လာတာအလုပ်ရှင်ထံဖြစ်ပါလို့ အစစ်
မှတ်ရှိုး
နယ်မွန်သာ ကွယ်လွန်တာ နတ်ပြည်ရောက်တယ် ကံတော်
နေမျိုး။

၁၉၂၉။ ကျောင်းငယ်ဖြင့်ဖန်ဆင်းကာ ဝတီသာဗိမာန်ပေါက်ပါလို့
ဝမ်းမြောက်မိရှိုး
အားရလို မြွားကျူဆို တစ်ထောင်ရှိတယ် အသိဖြစ်မျိုး။

၁၉၃၀။ ဘုံဆင့်ကတစ်ရာ တံခွန်မှာအလွန်များပါလို့ ထင်ရှားလေရှိုး
သစ်မွေ့ရှာ ဖြစ်လေရာ ပြာသာဒ်ရတယ် ပုညအကျိုး။

၁၉၃၁။ ကြောက်ခြင်းနှင့်ကိုယ်ခက်တရော် ကြက်သီးနော်မွေးညင်းထပါလို့
တဝဆိုရှိုး
အသိသာ မရှိတာ ငါ့ကာယ မှတ်ကြလေမျိုး။

၁၉၃၂။ ခြင်္သေ့နှင့်ကျား သစ်တွေ နောက်တထွေဝံကိုပြုပါလို့ မှတ်ကြ
လေမျိုး
လွန်တထွေ ဝံပုလွေ့ အောင်းကိုတိုးကွယ် တမျိုးမှတ်ရှိုး။

၁၉၃၃။ သားရဲတဲ့များစွာ ငါ့ကိုသာရှောင်သွားပါလို့ ဘေးကားလွတ်ရှိုး
ထက်မျိုးပို မြက်မိုးဆို ဝိဟာရ ဒိန္နအကျိုး။

၁၉၃၄။ အိပ်မက်ဆိုးလည်းမမက်ပါ သတိသာထင်နေပါလို့ တထွေမှတ်ရှိုး
နည်းရှိန်သာ စည်းစိမ်မှာ လိုလိုတိုးတယ် ပြည့်ဖြိုးနေမျိုး။



၁၉၃၅။ ဂေါတမတဲ့ဗုဒ္ဓါ မြတ်မေ့မာနာကြားပါလို့ လေးစားနေရှိုး
ကယ်ပေးယုံ ပါယ်လေးဘုံ အမှန်လွတ်တယ် မချွတ်မှတ်ရှိုး။

၁၉၃၆။ မြက်မိုးကျောင်းကိုလှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရှိုး
ကံရှိလာ သမ္မာဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

၁၉၃၇။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြုပါလို့ မှတ်ကြလေရှိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၉၃၈။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရှိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၉၃၉။ တိဏကုဋိဒါယကာ ထွေရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရှိုး
မူချဲ့ကာ လှူခဲ့တာ မြက်မိုးကျောင်း အပေါင်းမှတ်မျိုး။

၁၉၄၀။ စာပေတဲ့အရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရှိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။

www.burmeseclassic.com

www.burmeseclassic.com



## ဥတ္တရေယျ ဒါယကတွေရဲ့ အပဒါန

### ထောက်ပြပေကြိုး ခြောက်ချိုး

၁၉၄၁။ ဟံသာဝတီမြို့၌ငါနေကာ ဗေဒင်မှာသုံးပုံတတ်ပါလို့ လူမြတ်ဖြစ်ခဲ့
ခြေမြင်ပို ဗေဒင်ကို ဆောင်ကာထားတယ် ထင်ရှားလေမျိုး။

၁၉၄၂။ ဇာတ်နှင့်လည်းပြည့်စုံ နောက်တဖုံအတတ်ရှိပါလို့ ကဝိမြတ်နှီး
အသိခြေ တပည့်တွေ ခြံရံထားတယ် ထင်ရှားလေမျိုး။

၁၉၄၃။ တပည့်တွေတဲ့ခြံရံကာ ရေသွန်းမှာမြို့မှထွက်ပါလို့ တချက်မှတ်နှီး
အများမြင် ဘုရားရှင် ပဒုမုတ္တရ တွေ့ကြလေမျိုး။

၁၉၄၄။ ရဟန္တာတစ်ထောင်ခြံရံကာ မြတ်ဗုဒ္ဓါကြွလာပါလို့ စိတ်ကကြည်နှီး
အမှူးတင် အထူးပင် ဂါရဝ ဦးချရှိခိုး။

၁၉၄၅။ အပေါ်ရုံတဲ့အဝတ်ဆို ဘုရားကိုပေးလှူပါလို့ ကြည်ဖြူနေနှီး
အများမြင် ဘုရားရှင် သာဝက ပြည့်ဝလေမျိုး။

၁၉၄၆။ ဘုရားရှင်နှင့်သာဝကတွေ အဝတ်လေအကုန်ဖုံးပါလို့ အပြုံးတွေနှီး
တပါးပျော် ဘုရားပေါ် အမိုးရောက်တယ် ဘုန်းတောက်နေမျိုး။



၁၉၄၇။ လမ်း၌သာရပ်ကာ ငါ့ကိုသာအနုမောဒနာပြုပါလို့ ယခုတွေ့ရှိ
မှတ်လေပါ နတ်ပြည်မှာ ကမ္ဘာသုံးသောင်း ဖြစ်ကြောင်းလှမျိုး။

၁၉၄၈။ အကြိမ်တဲ့ငါးဆယ် နတ်ပြည်ဝယ်နတ်မင်းဖြစ်ပါလို့ အစစ်မှတ်ရှိ
ပြုံးဟန်သာ ဘုန်းကံမှာ ပြည့်စုံရမယ် ဗုဒ္ဓမိန့်မျိုး။

၁၉၄၉။ ထက်ဝန်းကျင်မှယူဇနာတစ်ရာ အဝတ်အမိုးသာဖြစ်နေပါလို့
တထွေမှတ်ရိုး
ဝင်းလက်ဖြာ မင်းစကြာ ဆတ္တိသ ဖြစ်ရလေမျိုး။

၁၉၅၀။ ပဒေသရာဇ်တဲ့ရာဇာ သင်္ချာမှာမရေတွက်နိုင်ပါလို့ အပိုင်မှတ်ရှိ
အချုပ်လာ မနုဿာ အစိုးရတယ် တဝဆိုမျိုး။

၁၉၅၁။ ကိုယ်တောင့်တတဲ့အရာ တခဏမှာဖြစ်လာပါလို့ တဖြာမှတ်ရှိ
တမျိုးကြဲ ပုဆိုးစုံ ဝတ်ဆင်ရမယ် ကံကမြင့်မျိုး။

၁၉၅၂။ ပုဆိုးတဲ့တထည်လှူ အခါမူသဗ္ဗဒါပြုပါလို့ မှတ်ကြလေရိုး
ကံအားသာ ခံစားတာ သူငါတွေ့မယ် မမေ့နိုင်မျိုး။

၁၉၅၃။ ဂေါတမတဲ့သာသနာ ရဟန္တာအမှန်ဖြစ်ပါလို့ အစစ်ဆိုရိုး
ထက်အားသာ မွေ့ကြားတာ မြတ်ဘုရား မှတ်ထားလေမျိုး။

၁၉၅၄။ အမြိုက်နိဗ္ဗာန်သို့ရောက်ရတာ ပုဆိုးမှာတထည်လှူပါလို့ ကံမူ
သာရိုး
အမှူးတင် အထူးပင် အာရုံပြုတယ် ကောင်းမှုမြတ်နိုး။

၁၉၅၅။ ကမ္ဘာတစ်သိန်းအထက်မှာ ပါယ်လေးရွာမတွေ့ပါလို့ ချမ်းမြေ့
နေရိုး
ပုဆိုးလှူ အကျိုးမူ တဏှာကင်းတယ် သန့်ရှင်းနေမျိုး။

၁၉၅၆။ အပေါ်ရုံကိုတဲ့လှူရတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရှိ
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၇။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မို့လာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။

၁၉၅၈။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တလီမှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

၁၉၅၉။ ဥတ္တရေယျတဲ့ဒါယကာ ထွေရမှာအပဒါန်ဆက်ပါလို့ တသက်
မှတ်ရိုး
ပုဆိုးလှူ အကျိုးမူ အကုန်ပြည့်တယ် ချမ်းမြေ့နေမျိုး။



# ဓမ္မသဝနိယထွေရ အပဒါန

## ထုတ်ပြလေရိုး တြိချိုး

၁၉၆၀။ ခပ်သိမ်းသောမြတ်ဓမ္မာ သိမြင်တာတဖက်ကမ်းရောက်ပါလို့
ဘုန်းတောက်နေရိုး
ညစ်ကြေးကွာ သစ်လေးဖြာ ဟောကာပြတယ် မှတ်ကြလေမျိုး။

၁၉၆၁။ လူများအပေါင်းကိုကယ်တင် ဘုရားရှင်ပဒုမုတ္တရဖြစ်ပါလို့ အစစ်
မှတ်ရိုး
ပိုသဒ္ဒါ ထိုအခါ ဆံကျစ်ရသေ့ ယနေ့ဆိုမျိုး။

၁၉၆၂။ လျော်တေသက်န်းကိုခါကာ ကောင်းကင်မှာငါသွားပါလို့ ထင်ရှား
လေရိုး
ထက်အားသာ ဆက်သွားကာ ငါမရတယ် ဗုဒ္ဓရှိမျိုး။

၁၉၆၃။ ဣရိယာပုထ်ဖျက်စီးတာ ရှေးအခါမရှိပါလို့ ငါသိလေရိုး
ရှုကာလာ ခုခါမှာ ဖျက်လိုက်ရတယ် မှတ်ကြလေမျိုး။

၁၉၆၄။ ငါ့ထက်မြတ်တဲ့ပုဂ္ဂလာ ငါ့အောက်မှာရှိနေပါလို့ အထွေထင်မှိုး
မူထပ်ဆို သူမြတ်ကို ရှာဖွေရမယ် မှတ်ကြလေမျိုး။

www.burmeseclassic.com



၁၉၆၅။ ကောင်းကင်မှသက်ဆင်းကာ မြတ်ဗုဒ္ဓါတရားဟောပါလို့ မနော
ချိုရှိုး
အမှန်ဖော် အသံတော် ကြားလာရတယ် သုခတွေ့မျိုး။
၁၉၆၆။ ကြားရတဲ့တရားဟာ မှတ်စရာအလွန်ကောင်းပါလို့ အပေါင်း
မှတ်ရှိုး
ပြောသေချာ ဟောနေတာ အနိစ္စဓမ္မ ကြားရလေမျိုး။
၁၉၆၇။ ထိုအခါတဲ့ငါဟာ မြတ်ဓမ္မာသင်ယူပါလို့ တမူသာရှိုး
မြင်နည်းသာ သင်ပြီးကာ ကျောင်းသို့သွားတယ် လေးစားနေမျိုး
၁၉၆၈။ အသက်ထက်ဆုံးနေပြီးကာ ကွယ်လွန်တာကျောင်းမှာဖြစ်ပါလို့
အစစ်မှတ်ရှိုး
မမှားရန် တရားသံ လာကာကြားတယ် ယူကားမှန်မျိုး။
၁၉၆၉။ တရားကိုတဲ့အမှတ်ရကာ ဝတီသာငါရောက်ပါလို့ ဝမ်းမြောက်နေရှိုး
မှတ်လေပါ နတ်ပြည်မှာ တမ္ဘာသုံးသောင်း အကောင်းတွေ့မျိုး
၁၉၇၀။ ငါးဆယ်ကတစ်ကြိမ်သာ မင်းရာဇာအမှန်ဖြစ်ပါလို့ အစစ်မှတ်ရှိုး
ဝင်းလက်ဖြာ မင်းစကြာ (၇၁) ငါဖြစ်လေမျိုး။
၁၉၇၁။ ပဒေသရာဇ်တဲ့မင်းဟာ ရေတွက်ပါမရပါလို့ မှတ်ကြလေရှိုး
အကျင့်သာ အဆင့်မှာ ပထမ တွေ့ရလေမျိုး။
၁၉၇၂။ ဣန္ဒြေကိုပွားပြီးကာ ဖ-အိမ်မှာသမဏာဖြစ်ပါလို့ အစစ်မှတ်ရှိုး
အတွဲရှာ မမြဲတာ အနိစ္စဓမ္မ ဟောပြလေမျိုး။
၁၉၇၃။ သဒ္ဒါရတဲ့ဓမ္မာ မမြဲတာအမှန်ပဲပေမို့ မလွဲမှတ်ရှိုး
မနောသာ သဘောမှာ ဖြစ်ပျက်မှတ်ကွယ် တရပ်ဆိုမျိုး။
၁၉၇၄။ သဒ္ဒါရတို့ချုပ်ရာ မြတ်ခေမာဟောပြပါလို့ မှတ်ကြလေရှိုး
စွမ်းမှာသာ ချမ်းသာတာ အမှန်တွေ့မယ် ယနေ့ဆိုမျိုး။



၁၉၇၅။ ဂါထာကိုတဲ့ကြားနာကာ ငါရောက်တာအရဟတ္တဖိုလ်ဖြစ်ပါလို့
အစစ်မှတ်ရှိုး
သိလေပါ ကိလေသာ အကုန်ပြုတ်တယ် အဟုတ်ဆိုမျိုး။
၁၉၇၆။ မွေးဖွားသည်မှ(၇)နှစ်သာ ငါရတာအရဟတ္တဖိုလ်ပြပါလို့ မှတ်ကြ
လေရှိုး
စုံကြည့်လာ ဂုဏ်သိကာ သမဏ ဗုဒ္ဓပြုမျိုး။
၁၉၇၇။ သူငယ်တဲ့ငါ့မှာ ပြုဖွယ်ရာကိစ္စဆုံးပါလို့အပြုံးတွေ့ရှိုး
လောကမှာ ပြောကြတာ ရဟန္တာတဲ့ မှတ်ခဲ့တမျိုး။
၁၉၇၈။ ကမ္ဘာတစ်သိန်းအထက်မှာ ကုသိုလ်သာငါပြုပါလို့ ကောင်းမှု
မြတ်ရှိုး
ကယ်ပေးယုံ ပါယ်လေးဘုံ ပြန်မတွေ့တယ် ချမ်းမြေ့နေမျိုး။
၁၉၇၉။ ကုသိုလ်ကောင်းမှုပြုတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်
မှတ်ရှိုး
ကံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။
၁၉၈၀။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရှိုး
မြင့်မှီလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၉၈၁။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တစ်လီမှတ်ရှိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး
၁၉၈၂။ ဓမ္မတဲ့သဝနိယာ တွေ့ရမှာအပဒါန်တွဲပါလို့ မလွဲမှတ်ရှိုး
တရားနာ အမှားကွာ ဉာဏ်တွေလင်းတယ် ပျံသင်းနေမျိုး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# ဥက္ခိတ္တပဒုမိယထေရ အပဒါန

## ထောင်ပြပေကြီး ကြာချီး

၁၉၈၃။ ဟံသာဝတီမြို့၌ငါနေတာ အဆင့်ဟာပန်းသည်ဖြစ်ပါလို့
မှတ်ရိုး
ယခုရှာ ပဒုမာ ကြာအိုင်ဆင်းတယ် တခင်းဆိုမျိုး။
၁၉၈၄။ ပွင့်ချပ်ကတစ်ရာရှိတာ ပဒုမာကြာကိုခူးပါလို့ အထူးမှတ်
မှည့်ခေါ်လာ ဘွဲ့တော်မှာ ပဒုမုတ္တရ လောကပွင့်မျိုး။
၁၉၈၅။ ရဟန္တာတစ်သိန်းခြံရံကာ စေသတ္တာကြွလာပါလို့ တဖြာ
ယခုရှာ ပဒုမာကြာပန်း လှူဒါန်းလေမျိုး။
၁၉၈၆။ မြတ်စွာဘုရားလို့ခေါ်ကာ ဘုရားဟာအရှင်ဖြစ်ပါလို့ အ
လန်းနေမှာ ပန်းရွှေကြာ အလိုလိုသွားမယ် ထင်ရှား
၁၉၈၇။ အရှင်ဘုရား၏ဦးထိပ်မှာ ဆောင်းမိုးတာတွေ့လို့
လျှောက်ပြလေရိုး
တရားမြင် ဘုရားရှင် အမိန့်ရှာန်ပြုတယ် တွေ့မှုအံ့မျိုး



၁၉၈၈။ ကြာပန်းတဲ့များစွာ ဦးထိပ်မှာဆောင်းမိုးပါလို့ တမျိုးတွေ့ရိုး
မှတ်လေနော် မြတ်တေဇော် အလွန်ကြီးတယ် ထွတ်ထိးရောက်မျိုး။
၁၉၈၉။ လူ၌ဖြစ်သောခန္ဓာ စွန့်သောခါဝတီသာရောက်ပါလို့ ဝမ်းမြောက်
နေရိုး
သိပ်ဟန်သာ ဗိမာန်မှာ သတပတ္တ ခေါ်ကြလေမျိုး။
၁၉၉၀။ အမြင့်ကယူဇနာခြောက်ဆယ် အကျယ်ဝယ်သုံးဆယ်ပြပါလို့
မှတ်ကြလေရိုး
အများသာ သိကြားမှာ အကြိမ်တစ်ထောင်ဖြစ်တယ် အစစ်မှတ်မျိုး။
၁၉၉၁။ ခုနစ်ဆယ်ကငါးသာ မင်းစကြာအမှန်ဖြစ်ပါလို့ အစစ်မြတ်နိုး
အချိုးသာ တမျိုးမှာ နတ်မင်းဘဝ ရောက်ရလေမျိုး။
၁၉၉၂။ ပဒေသရာဇ်တဲ့ရာဇာ ဂဏန်းမှာရေမရပါလို့ မှတ်ကြလေရိုး
ဂုဏ်ကသာ ပုညဟာ အကျိုးပြုတယ် တွေ့ရဖွံ့ဖြိုး။
၁၉၉၃။ စည်းစိမ်တွေကိုခံစားကာ နောက်ဆုံးမှာရဟန္တာဖြစ်ပါလို့ အစစ်
မှတ်ရိုး
အမှူးတင် အထူးပင် မှတ်ခါထားကွယ် လေးစားဖွယ်မျိုး။
၁၉၉၄။ ကိလေသာတကင်းကွာ ပယ်နုတ်တာဘဝဖြစ်ပါလို့ အစစ်မှတ်ရိုး
လာခြေသာ ငါနေတာ အာသဝကင်းတယ် အလင်းရမျိုး။
၁၉၉၅။ ပဒုမကြာတဲ့ငါလှူတာ အံ့ဖွယ်ရာတကယ်ဖြစ်ပါလို့ အစစ်မှတ်ရိုး
တံရှိလာ သမ္ဘိဒါ လေးပါးရတယ် ဘဝပြတ်မျိုး။
၁၉၉၆။ ဝိမောက္ခတဲ့ရှစ်ဖြာ အဘိမှာခြောက်ပါးပြပါလို့ မှတ်ကြလေရိုး
မြင့်မိုလာ ကျင့်လို့သာ အမှန်ရတယ် ပေမလွတ်မျိုး။
၁၉၉၇။ သေသတဲ့အကျိုးတွေ အားလုံးလေတူနေပြီမို့ တင်မှတ်ရိုး
ထောက်ဆိုချင် နောက်ကိုပင်ပြန်ကာကြည့်ကွယ် သင်သိလေမျိုး။

www.burmeseclassic.com



၁၉၉၈။ ဥက္ကဋ္ဌတွဲပဒုမိယာ တွေ့ရမှာအပဒါန်ဆက်ပါလို့ တသက်မှတ်မြဲ
လာတလီ ပါရမီ အလုပ်စခန်း အောင်ပန်းပန်မျိုး။
၁၉၉၉။ စာပေတွဲအရသာ ခံစားတာပညာရှိပေမို့ ကဝိခေါ်ရိုး
တွေ့မြင်လာ နေ့စဉ်မှာ အပြစ်ကင်းတယ် ချစ်ခြင်းသာမျိုး။

မှတ်ချက် -

စာပေတွဲမျိုးစုံ ရေးသားပုံ အကြွံချို့တာမို့ သင်တို့တွေ့နိုး
မှားတာမြင် များစွာပင် သဒ္ဓါထားကွယ် ပြင်သွားလေမျိုး။
ဣမိနာပုညကမ္မေန ဒေဝလောကေစတုသိတံ
ဂန္တကာရက မာစေရံ ပပ္ပေါမိ ခေမမုတ္တမံ။

အရှင်ပညာဝံသ
ပဓာန နာယကဆရာတော်
မြို့မဇေယျဝတီစာသင်တိုက်
ဒလမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃၇၁-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁)ရက်နေ့ (၁၀-၃-၂၀၁၀) အင်္ဂါနေ့ ရေးသည်။
၁၃၇၁-ခုနှစ်၊ ကဆုန်လဆန်း(၁)ရက်နေ့ (၁၃-၄-၂၀၁၀) အင်္ဂါနေ့ ရေးပြီးသည်။



ဒလမြို့၊ မြို့မဇေယျဝတီစာသင်တိုက်စာသင်ပုံနှယူပဒေသ
ပရိယတ္တိမူလ အငယ်တန်းကျမ်းစာများ ရဟန်းဖြစ်လျှင်

- သဒ္ဒါသုတ်စဉ်(၈)စောင် မမေ့အောင်ဆောင်ခဲ့ထား
လာပုံမှန် အာဂုံပြန် ပါတိမောက် ဝမ်းမြောက်မှုပွား။
- သဒ္ဒါ(၅)စောင်သုတ်ဝုတ္တိ ထုတ်ဆိုဘိအတ္ထာ
မူရလို ရှုပဆို ရိုးရိုး ထပ်တိုးမေးမှာ။
- ရှင်ဖြစ်လျှင် လိင်ဒဏ် သီလမှန်(၁၀)ပါး
အချက်ရှာ အနက်ပါ ပါဠိ မှတ်ဘိပြန်ပြား။
- ပါဠိအနက် ပစ္စဝေက္ခဏာ(၄)ပုဒ်က မလွတ်ပြန်
တည်ရှိမှန် ဝိရိယံ-အဖော်ပြု အောင်မှုစေကန်။

ပရိယတ္တိမူလ အလတ်တန်းကျမ်းစာများ

- သင်္ဂြိုဟ်(၉)ပိုင်း အာဂုံပြန် မှတ်ဖို့ရန်အထူး
တွေးခြေသာ ရေးဖြေမှာ(၃)ပိုင်း ရှုတိုင်းကြည်နူး။
- ရူပသိဒ္ဓိတကျမ်းလုံး မှတ်ကြအုံးနက်မိပွားယ်
ထုတ်ခဲ့သာ ပုစ္ဆာမှာ တွေ့မြင်ရ ဖြေကြတင့်တယ်။
- မေးသမျှအောင်မြင် ပညာသင်တတ်ပြား
ဆရာမှာ မကြာပါပြုံးရွှင်မှု ယခုတွေ့သွား။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ပရိယတ္တိမူလ အကြီးတန်းကျမ်းစာများ

- ပရိယတ္တိမူလအကြီး သတ်မှတ်ပြီးကျမ်းစာ
  သိပြီးပို ဝိနည်းဆို တစောင်ရှု ဘိက္ခုမှတ်ပါ။
- ဘေဒတဲ့စိန္တာ ပြန်ဖို့ရာမမေ့ဖြား
  မူကပို ရှုပဆိုသိဗ္ဗ မှတ်ဘိအများ။
- နဝဆို သင်္ဂဟ မိပ္ပာယ်က အကုန်ယူ
  အမေးရှင် မနေးမြင် အဖြေရတယ် သိသကြည်ဖြူ။
- ရွှယ်သုံးရွှယ် အကုန်တတ် ပိဋကတ်စာပေ
  ကလေးပင် အတွေးမြင် မှန်လာရမယ် သုခစိတ္တေ။
- ဆရာတို့နည်းကိုယူ သင်ပြမှုမှန်ဖြား
  စိတ်ချယုံ သိပ္ပစုံ အကုန်တတ်တယ် မြင့်မြတ်ကျော်ကြား။
- အရှင်ပညာဝံသ နာယကဆရာတော်
  ယှဉ်လာယုံ ပညာစုံ သင်ခါပေးတယ် တတ်ရေးထင်ပေါ်။
- လာကြတယ့်တပည့်တွေ တတ်ဖို့လေပညာပေး
  ဉာဏ်မြူးရွှင် ကံထူးရှင် ဂုဏ်ကိုရတယ် ရှုကြမနေး။



## မြို့မဇေယျဝတီစာသင်တိုက်
## နှစ်မြိုက်အောင်ပန်းစာချတန်း ပ - ၃

၁။ မြို့မဇေယျဝတီစာသင်တိုက် သင်လိုက်တဲ့စာတွေ
အပြောသာ သဘောမှာ ရေးဖြေတိုး ကျမ်းမျိုးစုံပေ။
၂။ မြို့မဇေယျဝတီစာသင်တိုက် စာလိုက်တဲ့သမဏာ
ရွှင်လာပုံ ပညာစုံ သင်ခါပေးတယ် နောင်ရေးမီရာ။
၃။ တကယ်သင် တကယ်တတ် မြင့်မြတ်လှထေရ်ဆရာ
တွေ့မြင်ပေ နေ့စဉ်လေ ဩဝါဒ မှတ်ကြသိသာ။
၄။ ဒုတိယစာချတန်း ပါဝင်ခန်းကျမ်းစာ
တတ်မှာပို သဒ္ဒါဆို ရှုပသိဒ် ထွတ်ထိပ်မှတ်ပါ။
၅။ ပါတိမောက်ဘိက္ခု အဖွင့်ရှုကခါ
တလီလာ အမည်မှာ သင်္ဂဟ ဖွင့်ပြဋီကာ။
၆။ မာတိကာ ဓာတုကထာ နောက်တဖြာမှတ်ရေး
မဆိတ်ဖွယ် အဓိပ္ပာယ် မေးပုံလှတယ် တွေ့ရမနေး။
၇။ အထက်ပါကျမ်းစာများ ဖြေရဖြားအောင်မြင်
မှည့်ခေါ်ပါ ဘွဲ့တော်မှာ ဒုတိယ စာချအရှင်။
၈။ စာချတန်းပထမ နောက်တဝပေါ်လာ
တမင်ရှာ အလင်္ကာဆန္ဒ တွေ့ရသေချာ။

www.burmeseclassic.com

www.burmeseclassic.com



၉။ ဘေဒတဲ့စိန္တာ အဘိဓာတိုးခါပြ
စာရှိမျှော် ပါဠိတော် ပါရာဇိ မှတ်ဘိတဝ။

၁၀။ အဌကထာ ပါရာဇိ ယူလိုဘိတဖြာ
မှန်ပြလို ဓမ္မဆို သင်္ဂဏီကျမ်း ယူခန်းကြည်သာ။

၁၁။ အဌသာလိဏီ အဌကထာ မှတ်သင့်တာတစ်မျိုး
မှာကပို စာချဆိုပထမ အောင်ရမြတ်နိုး။

၁၂။ နှစ်တန်းဆိုစာချ မြတ်ထေရသင်ပေးရာ
အောင်လာလျှင် နောင်ခါတွင် စာကိုချ သိသမျှားစွာ။

၁၃။ အရှင်ဆိုပညာ နောက်တဖြာဝံသတိုး
ရှုကြည့်ပါ ဒုတိယာ ပထမ စာချအောင်ရိုး။

၁၄။ အောင်မြင်တဲ့အခါ ရဟန်းမှာ(၁၀)ပါး
မှာတထွေ သာမဏေဝိသ ဧကပိုပြား။

၁၅။ နေ့စဉ်ပင် စာကိုချ ဆရာကခိုင်းရာ
ကြိုးစားဆောင် တိုးပွားအောင် စာပေချတယ် သိပ္ပဝေဖြား

၁၆။ စာချတဲ့အခါ ဆရာမှာလွန်လိုလား
အနားလာ ဘုရားစာ သင်ခါပြ ဗုဒ္ဓရဲ့သား။

၁၃၃၃-ခု၊ နတ်တော်လ

အရှင်ပညာဝံသ
ပဓာန နာယကဆရာတော်
မြို့မဇေယျဝတီစာသင်တိုက်
ဒလမြို့နယ်၊ ရန်ကုန်တိုင်း



## ပုံနှိပ်၍ ဖြန့်ဖြူးပြီးသော ကျမ်းစာများ

၁။ ထောင်ကျော်ဒွေးချိုး စ၍ပြိုး မြတ်နိုးပဏ္ဍိတာ (ဒုအကြိမ်)

၂။ သမိုင်းရေးရိုး ကောင်းမှုတိုး ဒွေးချိုးအလင်္ကာ

၃။ စူဠဂန္ထ သမ္မန္တ ဖော်ပြတမျိုး မြတ်ဒွေးချိုး။

၄။ ဒလရပ္ပဟန္တာ ဦးပညာ ထေရုပ္ပတ္တိ ဒွေးချိုးကဗျာ(ဒုအကြိမ်)

၅။ ယက္ကန်းစင်တောင် ဘဒ္ဒန္တသြဘာသ ထေရုပ္ပတ္တိဒွေးချိုးကဗျာ
(စာမူဒါန)

၆။ ရသေ့ကြီးဦးခန္တီပုပ္ပတ္တိ ဒွေးချိုးကဗျာ(စာမူဒါန)

၇။ မဟာသမယ ပရိတ္တ နှစ်ဝပြည့်ဖြိုး မြတ်ဒွေးချိုး

၈။ ခုဒ္ဒသိက္ခာရတနာ တန်ဆာဆင်မြန်း ဒွေးချိုးကျမ်း

၉။ ဝိဇာတဂုဏ် လူပြည်ကြုံ စွယ်စုံမြတ်ဒွေးချိုး

၁၀။ ကဗျာဒွေးချိုး အသိတိုး ဖတ်ရိုး လူလိမ္မာ

၁၁။ သောတုဇန မင်္ဂဒီပက ဒွေးချိုးကဗျာ

၁၂။ ခုဒ္ဒသိက္ခာရတနာ တန်ဆာဆင်မြန်း ဒွေးချိုးကျမ်း
(သုဒ္ဓသက်သက်သာ) ဒုအကြိမ်

၁၃။ ဝါကျတင့်တယ်အလှကြွယ် ချစ်ဖွယ်ဒွေးချိုး ခေတ်မရိုး

၁၄။ ယခုခေတ်မှာ ပညာရှာ ကဗျာဒွေးချိုး ရေးကြရိုး

၁၅။ ဗဟုသုတ ကြွယ်ဝလေရိုး ဒွေးချိုးကဗျာ ဖတ်ကြည့်ပါ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၁၆။ ဒွေးချိုးကဗျာ ပဒေသာ လေ့လာသင့်ရိုး ပညာတိုး

၁၇။ ကစ္စည်းသဒ္ဒါ သင်မှသာ ပညာတတ်ရိုး မြတ်ဒွေးချိုး

၁၈။ သင်္ဂြိုဟ်ဘာသာ သင်ကြပါ စိတ်မှာကြည်ရိုး မြတ်ဒွေးချိုး

၁၉။ ဘဝစိုပြည် စာပေမြတ်နိုး ဒွေးချိုးကဗျာ သုဇနာ

၂၀။ သုတမယ ဉာဏပြည့်ဖြိုး ဒွေးချိုးကဗျာ ရတနာ

၂၁။ သောတုဇန ဝိသိဋ္ဌ သိပ္ပရွှေအိုး မြတ်ဒွေးချိုး

၂၂။ ဒွေးချိုးတရား နာကြားသူတော် ၁၃၇၁–ခု၊ ဝါဆိုလပြည့်

၂၃။ ကဗျာကဏ္ဍ ရှုမဝ

၂၄။ လိုရာထုတ်သုံး အပြုံးတွေ့ရိုး တြိချိုး – အမှတ်စဉ် (၁)

၂၅။ လိုရာထုတ်သုံး အပြုံးတွေ့ရိုး တြိချိုး – အမှတ်စဉ် (၂)

၂၆။ လိုရာထုတ်သုံး အပြုံးတွေ့ရိုး တြိချိုး – အမှတ်စဉ် (၃)

၂၇။ လိုရာထုတ်သုံး အပြုံးတွေ့ရိုး တြိချိုး – အမှတ်စဉ် (၄)

၂၈။ ထေရာပဒါန် ပါဠိတော် တြိချိုး (ပထမတွဲ)

၂၉။ ထေရာပဒါန် ပါဠိတော် တြိချိုး (ဒုတိယတွဲ)

၃၀။ ထေရာပဒါန် ပါဠိတော် တြိချိုး (တတိယတွဲ)

၃၁။ ပါရာဇိကကဏ္ဍ သီလက္ခန္ဓဝဂ္ဂ မဟာသင်္ဂဟ သုံးလီကျမ်းရိုး မြတ်ဒွေးချိုး

၃၂။ ဒလမြို့ မြို့မဇေယျဝတီစာသင်တိုက်မှ ဝတ်ရွတ်စဉ်

၃၃။ ထေရာပဒါန် ပါဠိတော် တြိချိုး (စတုတ္ထတွဲ)

BURMESE CLASSIC .com

www.burmeseclassic.com